# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားဦးတည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဃဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက် | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၃၅၂)




## အလှတွင် အယဉ်ဆင့် တင့်လှပါသည်

ဆောင်းပါး စာ - ၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော် တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ယနေ့ ဖတ်စရာ

### အကြမ်းဖက်မှုများနှင့် သေဒဏ်ချမှတ်ခြင်းဆိုင်ရာ ဥပဒေအသိ၊ ဗဟုသုတသတိ

ဆောင်းပါး စာ - ၁၀



### ကော့သောင်းကုန်သွယ်ရေးစခန်းတွင် နယ်မြေတည်ငြိမ် အေးချမ်း၍ ကုန်စည်ကူးသန်းရောင်းဝယ်ရေး စည်ကားလျက်ရှိ

စီးပွားရေးသတင်းများ စာ - ၁၂

### ဂျူကွမ်းဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ ဂြိုဟ်တုသစ် တစ်လုံး တရုတ် လွှတ်တင်

နိုင်ငံတကာသတင်း စာ - ၁၃

### "တူယှဉ်နွဲ့ပျော်ဂီတပွဲတော်"သီချင်းဆိုပြိုင်ပွဲ Season-2 အုပ်စု(ခ) ပွဲစဉ်(၄)ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

ပြည်တွင်းသတင်း စာ - ၂၁

# ငလိုက်စခန်းသာဆင်စခန်းတွင် မြန်မာနိုင်ငံ အရှည်ဆုံး တောတွင်း ဖြတ်လျှောက် လမ်းတံတားကိုပါ လေ့လာလည်ပတ်နိုင်


နေပြည်တော် စက်တင်ဘာ ၂၁

ငလိုက်စခန်းသာ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းကို လေ့လာလည်ပတ်သူများအနေဖြင့် ကျွန်းသစ်လုံးတိုင်ပေါင်း ၄၂၅ တိုင်ဖြင့် တည်ဆောက်ထားသည့် မြန်မာနိုင်ငံတွင် အရှည်ဆုံးတောတွင်း ဖြတ်လျှောက် လမ်းတံတား( Jungle Walk) ကိုပါ လေ့လာလည်ပတ်နိုင်ပြီဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်း၊ နေပြည်တော်သစ်ထုတ်ရေး ဒေသမှ သိရသည်။

ယင်းတံတားသည် တစ်မိုင်နီးပါး ရှည်လျား၍ မြန်မာနိုင်ငံရှိ သစ်သား တံတားများတွင် အရှည်ဆုံးဖြစ်ပြီး လာရောက်အပန်းဖြေလည်ပတ်သူများအနေဖြင့် တံတားတစ်လျှောက်တွင် သက်ကြီးကျွန်းစိုက်ခင်း၊ အပူပိုင်းထင်ရှူးစိုက်ခင်း၊ ပိတောက်စိုက်ခင်းများနှင့်အတူ အထက်ရွက်ပြတ်ရောနှောတောခြောက်အတွင်း ဒေသမျိုးရင်းသစ်ပင်သစ်မျိုးများ၊ ဝါးမျိုးစိတ်များစွာ သဘာဝအလျောက် ရှင်သန်ပေါက်ရောက်နေမှုများကိုလည်း တွေ့မြင်ခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

တံတားအဆုံးတွင် ငလိုက်ဆည်ကန်ရေပြင်နှင့် သဘာဝဝါးရိပ် အလှရှုခင်းများကို

*စာမျက်နှာ ၅ ကော်လံ ၁ ○*




ငလိုက်စခန်းသာ ဆင်စခန်းသို့ လာရောက်လည်ပတ်သူများက ဆင်စီး၍ တောတွင်းသဘာဝကို လေ့လာကြစဉ်။

မြန်မာ့အလင်း

# တန်ဖိုးမြင့်လူသားအရင်းအမြစ်များ မွေးထုတ်နိုင်မည့် စိုက်ပျိုး၊ မွေးမြူ၊ စက်မှုပေါင်းစည်းကျောင်းများ

လာမည့်ပညာသင်နှစ်မှစတင်၍ ခရိုင် ၅၀ ရှိ အခြေခံပညာ အထက်တန်းကျောင်း ၅၀ တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပေါင်းစည်း အထက်တန်းကျောင်းများ တွဲဖက်၍ စတင်ဖွင့်လှစ်သွားတော့မည် ဖြစ်သည်။ ဤသည်မှာ နိုင်ငံ၏ပကတိဖြစ်ပေါ်နေသော အခြေအနေများအရ ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သည့် လုပ်ဆောင်ချက်ကို ပြုလုပ်ခြင်းပင်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

မိမိတို့နိုင်ငံ၏ အခြေခံပညာရေးကဏ္ဍတွင် သူငယ်တန်းမှ စတင်၍ ကျောင်းဝင်သူ ၁၀၀ လျှင် တက္ကသိုလ်ဝင်တန်းသို့ ရောက်ရှိအောင် သင်ယူနိုင်သူမှာ ၁၀ ဦးခန့်သာ ရှိသည့်အတွက် ကျန် ၉၀ ကျော်မှာ အခြေခံပညာရေး၏ လမ်းခုလတ်တွင် စာသင်ခန်းကို ကျောခိုင်းသွားကြသူများဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံ၏ ပညာရေးအခြေအနေမှာ စိုးရိမ်ဖွယ်ရာ အားနည်းလျက်ရှိပြီး ပညာရေးအဟောသိကံဖြစ်မှု ကြီးမားနေခြင်းက နိုင်ငံ၏ အနာဂတ်အတွက် အန္တရာယ်ရှိသည်။ တစ်မျိုးသားလုံး၏ ပျမ်းမျှပညာရေးအခြေအနေမှာ အခြေခံပညာ အလယ်တန်းအဆင့်မှာသာရှိနေပြီး အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်တို့တွင် ကျောင်းထွက်သွားကြသူများမှာ ပညာသင်ကြားရန်အတွက် ငွေကြေးမတတ်နိုင်သူ ၂၁ ဒသမ ၅ ရာခိုင်နှုန်း၊ မိဘအလုပ်တွင် ဝင်ရောက်ကူညီနေရသူ ၂၉ ဒသမ ၂ ရာခိုင်နှုန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ဝင်ရောက်ကူညီပေးရသူ ၇ ဒသမ ၂ ရာခိုင်နှုန်း စုစုပေါင်း ၅၇ ဒသမ ၉ ရာခိုင်နှုန်းရှိရာ ယင်းကိစ္စများကို အစိုးရက ဝင်ရောက်ကူညီဖြေရှင်းရန် လိုအပ်လျက်ရှိသည်။ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိပြီး နိုင်ငံ့စီးပွားရေးတွင် အဓိကကျသည့် ကျေးလက်နေပြည်သူများ၏ ပညာရေးကို မြှင့်တင်ပေးရန်လည်း လိုအပ်သည်။

တစ်ဖက်တွင်လည်း နိုင်ငံ၏စိုက်ပျိုးရေး၊ မွေးမြူရေးတို့မှာ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ခေတ်နောက်ကျလျက်ရှိပြီး ထုတ်လုပ်နိုင်မှုစွမ်းအားမှာလည်း နိမ့်ကျလျက်ရှိသည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေတွင်အလုပ် လုပ်နိုင်သည့်အရွယ်အချိုးအစား များပြားနေခြင်းကြောင့် မြန်မာနိုင်ငံကို လူဦးရေဆုလာဘ်ရရှိသည့် နိုင်ငံဟုပင် ဆိုထားရာ မိမိတို့ရရှိထားသည့် လူ့စွမ်းအားအရင်းအမြစ်ကို အရေအတွက်သာမက အရည်အချင်းပါ မြှင့်တင်ပေးခြင်းအားဖြင့် တန်ဖိုးမြင့်လူသားအရင်းအမြစ် ရရှိလာမည် ဖြစ်သည်။ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးအခြေခံ စီးပွားရေးအဓိက နိုင်ငံတစ်နိုင်ငံအနေဖြင့် မြေသယံဇာတ၊ ရေသယံဇာတတို့ ပြည့်စုံလျက်ရှိပြီး လူသယံဇာတကို မြှင့်တင်ပေးနိုင်ခြင်းအားဖြင့် စိုက်ပျိုးမွေးမြူကုန်ထုတ်လုပ်မှုကို မြင့်မားလာစေမည် ဖြစ်သည်။

"ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် ပတ်သက်၍ မိမိတို့ နိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ လိုအပ်သည့်ပညာရပ်များအား တတ်မြောက်စေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကျောင်းများ၊ သိပ္ပံကျောင်းများဖွင့်လှစ်၍ ထိုမှတစ်ဆင့် ကောလိပ်များနှင့် တက္ကသိုလ်များအဆင့်အထိ မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်များအား ပြည်တွင်းဖူလုံစွာ စားသုံးနိုင်သကဲ့သို့ ပိုလျှံသည့် စားကုန်များကိုလည်း ပြည်ပနိုင်ငံများကို တင်ပို့ရောင်းချနိုင်ခြင်းဖြင့် ပြည်ပဝင်ငွေများ ရရှိစေမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရက ဦးစားပေးလုပ်ဆောင်လျက်ရှိသည့် အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ခုမှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ဖြစ်ရာ နိုင်ငံ၏ မြေနှင့်ရေသယံဇာတတို့ကို တန်ဖိုးမြင့်လူသားအရင်းအမြစ်၏ အကောင်အထည်ဖော်မှုဖြင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေကာ နိုင်ငံ့စီးပွားရေးကို မြင့်မားစေရမည်ဖြစ်သည့်အလျောက် ခရိုင် ၅၀ တွင် စိုက်ပျိုး၊ မွေးမြူ စက်မှုပေါင်းစည်း အထက်တန်းကျောင်းများမှ တစ်ဆင့် နိုင်ငံအတွက်တန်ဖိုးရှိသည့် လူသားအရင်းအမြစ်များ ဖြစ်ထွန်းပေါ်ပေါက်လာမည်ဟု ယုံကြည်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးဇော်ဝင်းထွန်း | ကျောင်းအုပ်ကြီး မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၂) | ဦးကျော်နိုင်အေး | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၁**




ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မင်္ဂလာသီရိပဋ္ဌာကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာခိုနန်း ပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ စိန်ဟသံ်ာတကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်ရှိ ပြဿဒ်ပရိယတ္တိစာသင်တိုက်၊ လှိုင်မြို့နယ်ရှိ ဝါယာလက်ကျောင်းတိုက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ထိန်ထိန်ဝင်းပရိယတ္တိစာသင်တိုက်၊ သဃ်န်းကျွန်းမြို့နယ်ရှိ မဟာသုဝဏ္ဏကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိ အနန္တဂုဏ်ရည်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ စန်းမြရောင်ခြည်ကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ရွှေသိမ်တော်ဓမ္မရိပ်သာကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ပိဋကတ်ကျောင်းတိုက်(ဗားကရာ)နှင့် အောင်မြေသာစံမြို့နယ်ရှိ နဂါးပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ အေးချမ်းမြေကျောင်းတိုက်၊ ရေ၀တီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ကျောက်ချောကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအား တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၂၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးများ၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၂၅၆ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၃၈၁၄ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၌ ဒေသခံပြည်သူ ၁၈၄၄ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခုနစ်ခရိုင်၌ ဒေသခံပြည်သူ ၈၆၅၈ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ဒေသခံပြည်သူ ၃၂၈ ဦးတို့ကို **(အောက်ပုံ)** တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၃၂၉ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၆၂၇ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ကျောင်းသား ကျောင်းသူ ၂၈၈၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။



ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်များအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်၊ ရခိုင်ပြည်နယ် အမ်းမြို့၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၌ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ရောဂါကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက်အခမဲ့ ပေးဝေလှူဒါန်းကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏ အမျိုးသားအကျိုးစီးပွား၊ ပြည်တွင်းဖြစ်ပေါ် တိုးတက်မှုများ၊ တည်ဆဲဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများအပေါ် အခြေခံလျက် အာဆီယံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့ မွန်းလွဲ ၂ နာရီက ကမ္ဘောဒီးယား နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်သွားမည်**

တွေ့ဆုံဆွေးနွေးပွဲ၌ မြန်မာနိုင်ငံအနေဖြင့် အာဆီယံတူညီဆန္ဒ(၅)ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုအပါအဝင် တိုးတက်မှုများရရှိရန် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၊ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ အလားတူ အာဆီယံ၏ တူညီဆန္ဒ(၅)ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းနှင့် ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ် ခဲ့ကြသည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် တာဝန်သိ အာဆီယံအဖွဲ့ဝင်နိုင်ငံ ပီသစွာဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ ထို့အတူ မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏ အမျိုးသားအကျိုးစီးပွား၊ ပြည်တွင်းဖြစ်ပေါ် တိုးတက်မှုများ၊ တည်ဆဲဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများအပေါ် အခြေခံလျက် အာဆီယံနှင့်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်းကောင်း၊ ၂၀၂၂ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် ကမ္ဘောဒီးယားနိုင်ငံမှ တာဝန်ယူ ဆောင်ရွက်နေသည့် ကိစ္စများကို ဆက်လက်ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်းကိုလည်းကောင်း ထည့်သွင်းဆွေးနွေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

**တိုက်တွန်းတားမြစ်ဆောင်ရွက်**

ထို့ပြင် မလေးရှားနိုင်ငံခြားရေးဝန်ကြီးက အကြမ်းဖက်အဖွဲ့အစည်းများနှင့် တရားမဝင်အဖွဲ့အစည်းများဖြစ်သည့် NUG ၊ CRPH နှင့် NUCC ဟုခေါ်ဆိုသည့် အဖွဲ့များနှင့် နယူးယောက်မြို့တွင် တွေ့ဆုံခဲ့သည့်ကိစ္စအပေါ် မြန်မာနိုင်ငံအနေဖြင့် ကန့်ကွက်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။ ထိုကဲ့သို့ အာဆီယံ၏ ပဋိညာဉ်၊ စည်းမျဉ်းများနှင့် ဆန့်ကျင်နေသည့် ဆောင်ရွက်မှုမျိုးနှင့် ဆွေးနွေးမှုမျိုးကို အာဆီယံအသိုက်အဝန်းအတွင်းသို့ ယူဆောင်လာခြင်း မပြုရန်အတွက်လည်း အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံ အနေဖြင့် တိုက်တွန်းတားမြစ် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုဝန်ကြီးက အသိပေးပြောကြားခဲ့သည်။

**သတင်းစဉ်**

# (၁၆)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့်အစည်းအဝေး (16th AMMTC) ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၁**

အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းမဏ္ဍိုင် (APSC) မူဘောင်မှ နိုင်ငံဖြတ်ကျော် မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေး (The Sixteenth ASEAN Ministerial Meeting on Transnational Crime – AMMTC) ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် နှစ်စဉ်ကျင်းပလျက်ရှိရာ (၁၆)ကြိမ်မြောက် AMMTC နှင့် ဆက်စပ်အစည်းအဝေးများကို ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် ဦးဆောင်၍ ယနေ့ နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အဆိုပါ 16th AMMTC အစည်းအဝေးကို အာဆီယံ ၁၀ နိုင်ငံမှ ဝန်ကြီးအဆင့် AMMTC ခေါင်းဆောင်များ ဦးဆောင်၍ အဆင့်မြင့်အရာရှိကြီးအဆင့်များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ ASEANAPOL၊ DGICM တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး / ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက် ဦးဆောင်၍ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့် ရဲအရာရှိကြီးများက နေပြည်တော်ရုံးအမှတ်(၈) အစည်းအဝေးခန်းမမှ တက်ရောက်သည်။ **(အပေါ်ယာပုံ)**




**အဖွင့်အမှာစကားပြောကြား**

16th AMMTC စုံညီအစည်းအဝေးတွင် သဘာပတိ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး H.E. Samdech Kralahorm Sar Kheng က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အာဆီယံဒုတိယအတွင်းရေးမှူးချုပ် H.E. R.M. Michael Tene က အာဆီယံဒေသတွင်း လတ်တလောဖြစ်ပေါ်တိုးတက်မှုများနှင့် အာဆီယံမူဘောင်များနှင့်ကိုက်ညီ၍ AMMTC လုပ်ငန်းစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ဆက်လက်၍ AMMTC ယန္တရားအောက်ရှိ အစည်းအဝေးများဖြစ်သော DGICM ၊ SOMTC နှင့် ASEANAPOL ဥက္ကဋ္ဌများက ၎င်းတို့နှင့် သက်ဆိုင်ရာ အစည်းအဝေးရလဒ်များကို ဆွေးနွေးတင်ပြခဲ့ကြသည်။ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ AMMTC ခေါင်းဆောင်ဝန်ကြီးများက နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရာတွင် နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် ကြိုးပမ်းဆောင်ရွက်မှုများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**အထူးအလေးထားဆောင်ရွက်**

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး / ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်က ဆွေးနွေးပြောကြားရာတွင် အကြမ်းဖက်မှုသည် နိုင်ငံဖြတ်ကျော်သည့် သဘောသဘာဝရှိခြင်းကြောင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်နိုင်ရန်လိုအပ်ကြောင်း၊ လက်နက်မှောင်ခိုမှုခင်းများသည် ဒုစရိုက်ဂိုဏ်းများ၊ အကြမ်းဖက်သမားများ၊ မူးယစ်ဆေးဝါးဂိုဏ်းအဖွဲ့များကဲ့သို့သော Non-State Actor များအတွက် အထောက်အကူပေးနိုင်ရုံသာမက လူ့အသိုင်းအဝိုင်းများ၏ လုံခြုံဘေးကင်းမှုအပေါ်တွင်လည်း ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်ပါကြောင်း၊ အကြမ်းဖက်မှုနှင့် လက်နက်မှောင်ခိုမှု ချိတ်ဆက်နေသဖြင့် တစ်ပေါင်းတည်းတိုက်ဖျက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံဖြတ်ကျော် လူကုန်ကူးမှု၊ လူမှောင်ခိုမှုများတွင် နယ်စပ်ဖြတ်ကျော်ခြင်း (Border Crossing) သည် အဓိကဖြစ်၍ အိမ်နီးချင်းနိုင်ငံများ၏ နယ်စပ်ဒေသလုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများအကြား၊ နယ်စပ်ဒေသနေလူ့အသိုင်းအဝိုင်းများအကြား ဘက်စုံထောင့်စုံ ပူးပေါင်းဆောင်ရွက်မှုပြုလုပ်နိုင်မည့် နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များအပေါ် အထူးအလေးထား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံများအနေဖြင့် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအကြား သတင်းအချက်အလက်ဖလှယ်မှု ပူးပေါင်းဆောင်ရွက်ခြင်းကို တိုးမြှင့်ပြုလုပ်သင့်ပါကြောင်း၊ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL)၊ အာဆီယံရဲအဖွဲ့ (ASEANAPOL) တို့မှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သင့်ပါကြောင်းနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံမှ ဝင်ရောက်စွက်ဖက်ခြင်းမျိုးမဟုတ်ဘဲ မိမိတို့နိုင်ငံအလိုက် ပြဋ္ဌာန်းထားသော ပြည်တွင်းဥပဒေများ၊ နိုင်ငံတကာဥပဒေများနှင့်အညီ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**ပူးတွဲကြေညာချက်အတည်ပြု**

16th AMMTC စုံညီအစည်းအဝေးတွင် လူကုန်ကူးမှု၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များကို လူကုန်ကူးမှုတိုက်ဖျက်ရေး အာဆီယံကွန်ဗင်းရှင်း (ACTIP) အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ နိုင်ငံအလိုက် ကိုယ်စားလှယ်များအတွက် လုပ်ငန်းလမ်းညွှန် (TOR) နှင့် (၁၆) ကြိမ်မြောက် AMMTC အစည်းအဝေး ပူးတွဲကြေညာချက် အတည်ပြုခြင်းကို ဆောင်ရွက်ခဲ့ကြပြီး (၁၆)ကြိမ်မြောက် AMMTC စုံညီအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများ၏ ဝန်ကြီးအဆင့် အစည်းအဝေးများကို စက်တင်ဘာ ၂၂ ရက်တွင် ဆက်လက်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ စီးပွားရေးဝန်ကြီးများအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်

## မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်ရေးနှင့် စီးပွားရေးပြန်လည်ဦးမော့လာစေရေး ဆောင်ရွက်မှုအခြေအနေများ ဆွေးနွေး




**နေပြည်တော် စက်တင်ဘာ ၂၁**

ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ ကျင်းပသည့် (၅၄) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကာလအတွင်း ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့သော အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် အိန္ဒိယ၊ ရုရှား၊ ကိုရီးယား၊ တရုတ်၊ အာဆီယံ+၃၊ အရှေ့အာရှ(EAS)၊ ဟောင်ကောင် (တရုတ်) (HKC)၊ ကနေဒါ၊ ဂျပန်၊ အီးယူ၊ အမေရိကန်၊ ဩစတြေးလျ၊ နယူးဇီလန်စီးပွားရေးဝန်ကြီးများ အစည်းအဝေးများ၊ ပထမအကြိမ် ဒေသတွင်းဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးများ အစည်းအဝေးနှင့် (၁၄)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ (CLMV) စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးဝန်ကြီးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်ဆွေးနွေးခဲ့သည်။ **(ယာပုံ)**

အစည်းအဝေးများတွင် ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Pan Sorasak နှင့် သက်ဆိုင်ရာ ဆွေးနွေးဖက်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများက ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကြသည်။

### ပြန်လည်ဖွဲ့စည်းခဲ့

(၁၉) ကြိမ်မြောက် အာဆီယံ-အိန္ဒိယ စီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ်ကို ပြန်လည်သုံးသပ်ခြင်းအတွက် နယ်ပယ်များသတ်မှတ်သည့် စာတမ်းကို အတည်ပြုခဲ့ပြီး အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေးဆိုင်ရာ ပူးတွဲကော်မတီကို ပြန်လည်ဖွဲ့စည်းခဲ့သည်။

(၁၁) ကြိမ်မြောက် အာဆီယံ-ရုရှား စီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံ-ရုရှား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅) အကောင်အထည်ဖော်မှုနှင့် အာဆီယံနှင့်ယူရေးရှားစီးပွားရေးကော်မရှင်တို့အကြား ချုပ်ဆိုထားသည့် နားလည်မှုစာချွန်လွှာကို အကောင်အထည်ဖော်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ဆွေးနွေးခဲ့သည်။

(၁၉) ကြိမ်မြောက် အာဆီယံ-ကိုရီးယား စီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်မှု၊ အာဆီယံ - ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုဒေသ အဆင့်မြှင့်တင်ခြင်းအတွက် ပူးတွဲလေ့လာမှု၊ ဒစ်ဂျစ်တယ်ကုန်သွယ်မှု သုတေသနဆောင်ရွက်မှုနှင့် အာဆီယံ-ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့သည်။

### လုပ်ငန်းအစီအစဉ်တို့ကို အတည်ပြု

(၁၄) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ စီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် စီအယ်လ်အမ်ဗွီအဆင့်မြင့် စီးပွားရေးအရာရှိများ၏ အစီရင်ခံစာနှင့် စီအယ်လ်အမ်ဗွီလုပ်ငန်းစီမံချက် (၂၀၂၀-၂၀၂၂) ၏ အကောင်အထည်ဖော်မှုအခြေအနေတို့ကို ဆွေးနွေးခဲ့ကြပြီး စီအယ်လ်အမ်ဗွီ လုပ်ငန်းစီမံချက်များအတွက် လမ်းညွှန်မှု၊ လုပ်ငန်းစီမံချက် (၂၀၂၃-၂၀၂၄) နှင့် စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှုမူဘောင်ကို အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ်တို့ကို အတည်ပြုခဲ့သည်။

### ပူးတွဲကြေညာချက်တို့ကိုအတည်ပြု

(၂၁) ကြိမ်မြောက် အာဆီယံ-တရုတ် စီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်မှု အခြေအနေအပေါ် ဆွေးနွေးခဲ့ကြပြီး လွတ်လပ်သော ကုန်သွယ်မှုဒေသ အဆင့်မြှင့်တင်ရေးအတွက် နယ်ပယ်များနှင့် စပ်လျဉ်းသည့် ပူးတွဲဖြစ်နိုင်ခြေ လေ့လာဆန်းစစ်မှု အစီရင်ခံစာနှင့် ကိုဗစ် -၁၉ ကပ်ရောဂါအလွန် စီးပွားရေးပြန်လည်ထူထောင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် ပူးတွဲကြေညာချက်တို့ကို အတည်ပြုခဲ့ကြောင်း၊ ထို့ပြင် အာဆီယံ-တရုတ်ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းစေမည့် လုပ်ငန်းစီမံချက် (၂၀၂၂-၂၀၂၆) အပေါ် ဆွေးနွေးခဲ့သည်။

(၂၅) ကြိမ်မြောက် အာဆီယံ-အပေါင်းသုံး (ASEAN+3) (တရုတ်၊ ဂျပန်၊ ကိုရီးယား) စီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံအပေါင်းသုံး စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၂) အကောင်အထည်ဖော်မှု၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများ လျော့နည်းစေရေး အာဆီယံအပေါင်းသုံး လုပ်ငန်းစီမံချက်တို့၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို မှတ်တမ်းတင်ခဲ့ပြီး အာဆီယံအပေါင်းသုံး စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ် (၂၀၂၃-၂၀၂၄) ကို အတည်ပြုခဲ့သည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

(၁၀)ကြိမ်မြောက် အရှေ့အာရှစီးပွားရေးဝန်ကြီးများ အစည်းအဝေး(EAS) တွင် (၁၂) ကြိမ်မြောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝန်ကြီးများ ညီလာခံ၏ ရလဒ်များ၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး စိန်ခေါ်မှုများ၏ အကျိုးသက်ရောက်မှုများကို လျော့ပါးစေရန် အရှေ့အာရှ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဆောင်ရွက်ရန် နည်းလမ်းများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း၊ ထို့နောက် "ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းမှတစ်ဆင့် ပေါင်းစည်းမှု၊ တီထွင်ဆန်းသစ်မှု၊ အားလုံးပါဝင်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ကိုဗစ်ကာလအလွန် အရှေ့အာရှ ဒေသ" ခေါင်းစဉ်ဖြင့် အာဆီယံနှင့် အရှေ့အာရှဆိုင်ရာ စီးပွားရေးသုတေသနအဖွဲ့က ပြုစုတင်သွင်းသည့် စာတမ်းကို မှတ်တမ်းတင်ခဲ့သည်။

(၆) ကြိမ်မြောက် အာဆီယံ-ဟောင်ကောင် (တရုတ်) စီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် ဝန်ကြီးများက အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်နှင့် အာဆီယံ-ဟောင်ကောင် (တရုတ်) ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်တို့ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုတို့ကို ဆွေးနွေးခဲ့ကြပြီး ဝန်ကြီးများက အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်ကို အသုံးပြု၍ ကုန်သွယ်ရေးယှဉ်ပြိုင်မှုများ တိုးမြင့်လာစေရေး စီးပွားရေးလမ်းညွှန် စာအုပ်ကို စတင်မိတ်ဆက်ခြင်းအပေါ် ကြိုဆိုခဲ့ကြသည်။

(၁၁) ကြိမ်မြောက် အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများအစည်းအဝေးတွင် အာဆီယံ-ကနေဒါ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးတွဲကြေညာချက်ကို အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅)၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေနှင့် အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ် စေ့စပ်ညှိနှိုင်းမှုနှင့် စပ်လျဉ်းသည့် ဖြစ်ပေါ်တိုးတက်မှုအစီရင်ခံစာတို့အပေါ် ဆွေးနွေးခဲ့ကြသည်။

### ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု

ပထမအကြိမ် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးများ အစည်းအဝေးတွင် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) သဘောတူစာချုပ်အကောင်အထည်ဖော်ခြင်းနှင့် အသုံးပြုခြင်းတို့မှရရှိသည့် အတွေ့အကြုံများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး ပူးတွဲကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု၊ ပူးတွဲကော်မတီ၏ လုပ်ငန်းအဖွဲ့ခွဲများ တည်ထောင်မှုနှင့် အတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

### အဆိုပြုချက်အပေါ် ဆွေးနွေး

(၂၈) ကြိမ်မြောက် အာဆီယံ-ဂျပန် စီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် ပထမအခြေပြစာချုပ် အသက်ဝင်ခြင်းကို ကြိုဆိုခဲ့ပြီး အာဆီယံ-ဂျပန် မဟာဗျူဟာမြောက် ၁၀ နှစ်တာ လမ်းပြမြေပုံ၏ အကောင်အထည်ဖော်မှုနှင့် ၂၀၂၃ ခုနှစ်အတွက် အာဆီယံ-ဂျပန် နှစ်(၅၀) ပြည့် အထိမ်းအမှတ်အနေဖြင့် ဆောင်ရွက်မည့် အာဆီယံ-ဂျပန် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဆိုပြုချက်အပေါ် ဆွေးနွေးခဲ့ကြသည်။

(၁၈) ကြိမ်မြောက် အာဆီယံ-အီးယူ စီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် ဝန်ကြီးများက ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအစီအစဉ် (၂၀၂၂-၂၀၂၃) ကို အတည်ပြုခဲ့ပြီး အာဆီယံ-အီးယူ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် ချုပ်ဆိုမည့် ရည်မှန်းချက်ကို ကာလရှည် ရည်မှန်းချက်အဖြစ် သတ်မှတ်ပြီး ကာလတို ကာလလတ်တွင် ကုန်သွယ်မှုနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်အတွက် အခြားအစီအစဉ်များဖြင့် ဆောင်ရွက်ရေးတို့အပေါ် ဆွေးနွေးခဲ့ကြသည်။

### ဝန်ကြီးများက အတည်ပြုခဲ့

အာဆီယံနှင့် အမေရိကန်စီးပွားရေးဝန်ကြီးများ၏ အစည်းအဝေးတွင် အာဆီယံ-အမေရိကန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မူဘောင်အစီအစဉ်နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၏ ၂၀၂၁-၂၀၂၂ လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်မှုအခြေအနေကို ဆွေးနွေးခဲ့ကြပြီး ၂၀၂၂-၂၀၂၃ လုပ်ငန်းအစီအစဉ်ကို ဝန်ကြီးများက အတည်ပြုခဲ့ကြသည်။

(၂၇) ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် စီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် ဝန်ကြီးများက အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို အဆင့်မြှင့်တင်မည့် ဒုတိယအခြေပြစာချုပ် ညှိနှိုင်းမှုအခြေအနေနှင့် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အထောက်အပံ့ ပြုရေး အစီအစဉ်အရ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးများတွင် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံက အခြားအာဆီယံနိုင်ငံများနည်းတူ ပါဝင်ဆောင်ရွက်မှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ၊ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်ရေးနှင့် စီးပွားရေးပြန်လည်ဦးမော့လာစေရေး ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးခဲ့သည်။

ယခုအစည်းအဝေးများသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီးနောက် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား စီးပွားရေးဝန်ကြီးများ၏ ပထမဆုံးအကြိမ် မျက်နှာစုံညီ ကျင်းပသည့် အစည်းအဝေးများဖြစ်သည်။

### ပါဝင်တက်ရောက်

အဆိုပါ အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိ၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွှန့်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ ပါဝင်တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂၁**

AHA Centre မှ တစ်ဆင့်ပေးအပ်မည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် သည် ယနေ့မွန်းလွဲ ၃ နာရီတွင် ကမ္ဘောဒီးယား နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံး အဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာရှိကြီးများ တက်ရောက်ကြသည်။ (ဝဲပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံသို့ AHA Centre မှတစ်ဆင့် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရေးအတွက် ပူးတွဲလေ့လာဆန်းစစ်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံမှ အကောင်းဆုံးပံ့ပိုးသွားမည့်ကိစ္စနှင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီများကို ပေးအပ်ရာတွင် မည်သူမျှချန်လှပ်မှု မရှိစေရေးမူဝါဒအပေါ် အခြေခံ၍ ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘောဒီးယားနိုင်ငံ အစိုးရတို့အကြား ပူးတွဲကာကွယ်ဆေးထိုးနှံပေးရေး အစီအစဉ်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

○ *ရွှေဖုံးမှ*

အပန်းဖြေခံစား ကြည့်ရှုရင်းဖြင့် ဆင်သမားဟင်းလျာများဝယ်ယူ စားသောက်နိုင်သည့် စားသောက်ဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ငလိုက်စခန်းသာ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းက ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး မိုင်တိုင် (၂၁၇/၀) ဘေး အနောက်ဘက် ၂ ဖာလုံခန့်အကွာမှာ တည်ရှိပါတယ်။ ငလိုက်ကြိုးဝိုင်းအကွက်အမှတ် (၇၈)၊ အကျယ်အဝန်း ၅၇၃ ဧက ကျယ်ဝန်းပြီး ဆင်စားကျက်ဧရိယာ ၂၈၈ ဧက ပါဝင်ပါတယ်။ လာရောက်အနားယူမယ့် ဧည့်သည်တွေအနေနဲ့ ဆင်စခန်းအတွင်း ဆင်စာကျွေးမွေးခြင်း၊ တောတွင်းခရီးတို၊ ခရီးရှည်ဆင်စီးခြင်း၊ ဆင်စာကျွေးမွေးခြင်း၊ ဆင်စာဘူဖေးကျွေးမွေးနိုင်ခြင်းစတာတွေနဲ့ အပန်းဖြေလို့ရပါတယ်။ ရုံးပိတ်ရက်တွေမှာ ဆင်သရုပ်ပြကွက် ပြသတာလည်း ရှိပါတယ်။ ဆင်ပြတိုက်တွင် ဆင်အကြောင်းဗဟုသုတများ လေ့လာနိုင်ပါတယ်။ စခန်းအတွင်းမှာ သက်ကြီးကျွန်းစိုက်ခင်း၊ ပိတောက်စိုက်ခင်း၊ သစ်မျိုးတစ်ရာစိုက်ခင်းနဲ့ ထင်းရှူးတောစိုက်ခင်းတွေကို လေ့လာနိုင်ပါတယ်။ ဒါ့အပြင် လာရောက်လည်ပတ်တဲ့ ခရီးသွားဧည့်သည်တွေအတွက် အပန်းဖြေအနားယူရင်း အစားအသောက်များ မှာယူစားသောက်နိုင်အောင်လည်း



ငလိုက်စခန်းသာသို့ လာရောက်လည်ပတ်သူများအား ဆင်များက သရုပ်ပြကွက်ဖြင့် ဖျော်ဖြေကြစဉ်။




စီမံဆောင်ရွက်ထားပါတယ်။ ငလိုက်စခန်းသာ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း-နေပြည်တော် Facebook Page တွင် အသေးစိတ်လေ့လာနိုင်ပါတယ်" ဟု ငလိုက်စခန်းသာဆင်စခန်း၏ ဒေသတာဝန်ခံ ဦးကျော်စွာဝင်းက ပြောသည်။

ငလိုက်စခန်းသာ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းကို ၂၀၁၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ပြီး ၅၇၃ ဧကခန့်ကျယ်ဝန်းကာ လက်ရှိတွင် ဆင်ကောင်ရေ ၂၀ ကို ထိန်းသိမ်းစောင့်ရှောက် မွေးမြူလျက်ရှိကြောင်း သိရသည်။

မြန်မာ့သစ်လုပ်ငန်းအနေဖြင့် မျိုးသုဉ်းမှုအန္တရာယ်နှင့် ရင်ဆိုင်လျက်ရှိသည့် မြန်မာ့ဆင်ရတနာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ကောင်းမွန်ဆန်းသစ်သော ရုပ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများဖြင့် ပြည်သူလူထုကို ဝန်ဆောင်မှုပေးနိုင်ရေးနှင့် ဆင်ထိန်းများ၏ လူမှုစီးပွားဘဝ တိုးမြှင့်ရေးနှင့် ရေရှည်တည်တံ့စေမည့် အစိမ်းရောင် စီးပွားရေးတစ်ခု (Sustainable & Green Economy) ဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ ဆင်စခန်းများကို ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအပန်းဖြေစခန်းများအဖြစ် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**သန်းမင်းအောင်**

## ကဝမြို့နယ် ရွှေလှေရေထိန်းတံခါးချောင်းအတွင်း ငါးမျိုးများစိုက်ထည့်

**နေပြည်တော် စက်တင်ဘာ ၂၁**


ပဲခူးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ ကြီးကြပ်၍ ပဲခူးခရိုင် ကဝမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများပေါများစေရန်နှင့် ငါးရိက္ခာများ ပိုမိုရရှိစေရန်အတွက် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ကဝမြို့နယ် အေးရွာအနီးရှိ ရွှေလှေရေထိန်းတံခါးချောင်းအတွင်း ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနားကို ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲသို့ ကဝမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုမင်း၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးအုံးသွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ကဝမြို့နယ်ရဲစခန်းမှူး၊ ငါးမျိုးစိုက်ထည့်မှုကြီးကြပ်ရေးအဖွဲ့ ဝင်များ၊ ခေတ္တကဝမြို့နယ်ငါးလုပ်ငန်းဦးစီးမှူး၊ သနပ်ပင်ငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်စန်းစန်းဦးနှင့် ဝန်ထမ်းများက နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂ ဒသမ ၂ သိန်း၊ ငါးခုံးမကြီး သားပေါက်ကောင် ရေ ၁ ဒသမ ၅ သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၃ ဒသမ ၇ သိန်း မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မင်းလှမြို့နယ်၌ မြေပြင်လူဦးရေစာရင်း မှန်ကန်မှုရှိစေရန် တိုက်ဆိုင်စစ်ဆေး

**မင်းလှ စက်တင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျွဲတကုန်းကျေးရွာတွင် မြေပြင်လူဦးရေစာရင်း မှန်ကန်မှုရှိစေရန် တိုက်ဆိုင်စစ်ဆေးခြင်းကို ယနေ့နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်သည်။ (ယာပုံ)



အဆိုပါ မြေပြင်လူဦးရေစာရင်း မှန်ကန်မှုရှိစေရန် ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် အဖွဲ့ဝင်များ ကြီးကြပ်၍ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့မှ တာဝန်ရှိဝန်ထမ်းများက ကျွဲတကုန်းကျေးရွာရှိ အိမ်ထောင်စုလူဦးရေစာရင်းများ မှန်ကန်မှုရှိစေရန်အတွက် တိုက်ဆိုင်စစ်ဆေးခြင်းကို ကျေးရွာအုပ်ချုပ်ရေးမှူး၊ စာရေးဝန်ထမ်းတို့နှင့် ပူးပေါင်းဆောင်ရွက်သည်။ မင်းလှမြို့နယ်၌ မြေပြင်လူဦးရေစာရင်း မှန်ကန်မှုရှိစေရန် ရပ်ကွက်/ကျေးရွာအုပ်စုများတွင် အရှိန်အဟုန်မြှင့်ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အလှတွင် အယဉ်ဆင့် တင့်လှပါသည်

ဝဏ္ဏ (TGI)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Irkutsk ပြည်နယ် Irkutsk မြို့တွင် ခေတ္တရောက်ရှိတည်းခိုနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ စက်တင်ဘာလ ၈ ရက် နံနက်စောပိုင်းမှစတင်၍ အသက်ဝင်လှုပ်ရှားနေသည်။ ယမန်နေ့ညက အိပ်စက်နားနေချိန်မှာ နောက်ကျသည့်တိုင် လန်းဆန်းတက်ကြွမှုက အပြည့်ရှိနေသည်။ နိုင်ငံ့အကြီးအကဲဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ယနေ့လေ့လာရေးခရီးစဉ်ကို နံနက်ပိုင်းမှပင် စတင်မည်ဖြစ်ပြီး Irkutsk ပြည်နယ် အစိုးရအဖွဲ့အကြီးအကဲ Mr. Igor Ivanovich Kobzev နှင့် တာဝန်ရှိသူများက လေ့လာရေးခရီးစဉ်အား လိုက်ပါရှင်းလင်းတင်ပြမည်ဖြစ်သည်။

### Robot များကိုအသုံးပြု

ဦးစွာ သွားရောက်လေ့လာသည့်နေရာမှာ လေယာဉ်ထုတ်လုပ်ရေးစက်ရုံ Irkutsk Aviation Plant ဖြစ်ပြီး စက်ရုံသို့ရောက်ရှိစဉ် Irkutsk Aviation Plant–Irkutsk Corporation Branch မှ အထွေထွေ ညွှန်ကြားရေးမှူးချုပ် Mr. Veprev Aleksey Alexandrovich နှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။ စက်ရုံမှာ MC–21 300 ခရီးသည်တင်လေယာဉ်များ တပ်ဆင်ထုတ်လုပ်သည့် စက်ရုံဖြစ်သည့်အတွက် ကြီးမားလှသလို အစိတ်အပိုင်းများစွာအတွက် Sector များကလည်း မနည်းလှ။ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုမှုအဖြစ် အစိတ်အပိုင်းအလိုက် Sector များခွဲခြား၍ Robotic System များ၊ Automatic Machine များ အသုံးပြုတပ်ဆင်နေမှု၊ ထိုမှတစ်ဆင့် လေယာဉ်၏ ကိုယ်ထည်ပိုင်း ၊ တောင်ပံပိုင်း၊ အင်ဂျင်ပိုင်းများကို အဆင့်ဆင့်တပ်ဆင်နေမှုများကို လုပ်ငန်းတစ်ခုချင်းအလိုက် လိုက်လံရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Irkutsk မြို့ရှိ လေယာဉ်ထုတ်လုပ်ရေးစက်ရုံအတွင်း ကြည့်ရှုလေ့လာစဉ်။

လူ၏ ကိုယ်ကာယအားကို အသုံးပြုခြင်းထက် Robotic များ၊ Automatic Machine များကို အများဆုံးအသုံးပြုထားသဖြင့် အချိန်ကုန်လူပန်း မဖြစ်စေရန်နှင့် တိကျသေသပ်မှုရစေရန်တို့ကို တွင်ကျယ်စွာ ဆောင်ရွက်နိုင်သည်ကို လေ့လာသိရှိရသည်။ လူသားများ၏စွမ်းရည်ဖြင့် ထုတ်လုပ်ထားသည့် စက်ပစ္စည်းများ Robot များကိုအသုံးပြု၍ လူသားများ သက်သာမှုရစေရန် ဆောင်ရွက်ထားနိုင်မှုက လူ့စွမ်းအားအရင်းအမြစ်၏ အရေးပါပုံကို ဖော်ပြနေဟန်ရှိသည်။

လေယာဉ်ခေါင်းခန်းအတွင်း ထိန်းချုပ်မှုစနစ်များ၊ အတွင်းပိုင်းအပြင်အဆင်များကို အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှု၊ ထုတ်လုပ်ပြီးလေယာဉ်၏စွမ်းဆောင်ရည်နှင့် ကြံ့ခိုင်မှုအခြေအနေတို့ကို စမ်းသပ်စစ်ဆေးလျက်ရှိသည့် အခြေအနေများကိုလည်း လိုက်လံကြည့်ရှုလေ့လာကြသေးသည်။ ၁၉၃၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် Irkutsk Aviation Plant မှ ထုတ်လုပ်သည့် လေယာဉ် ၇၀၀၀ ကျော်ကိုလည်း ဤသည့် စနစ်များဖြင့်ပင် စစ်ဆေး၊ စမ်းသပ်ခဲ့ကြောင်း ခေတ်နှင့်အညီ ပစ္စည်းကိရိယာများ အဆင့်မြင့်လာသည်မှအပ လုပ်ငန်းစဉ်ကို တိတိကျကျ ဆောင်ရွက်ခဲ့ကြောင်း၊ အထွေထွေ ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြသည်။ အကြီးအကဲ၏မေးမြန်းမှုအပေါ် ဖြေကြားတင်ပြမှုဖြစ်၍ အထောက်အထား၊ အကိုးအကားများပါသည်။

❖ **လေယာဉ်ခေါင်းခန်းအတွင်း ထိန်းချုပ်မှုစနစ်များ၊ အတွင်းပိုင်းအပြင်အဆင်များကို အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှု၊ ထုတ်လုပ်ပြီးလေယာဉ်၏စွမ်းဆောင်ရည်နှင့် ကြံ့ခိုင်မှုအခြေအနေတို့ကို စမ်းသပ်စစ်ဆေးလျက်ရှိသည့် အခြေအနေများကိုလည်း လိုက်လံကြည့်ရှုလေ့လာကြသေးသည်။ ၁၉၃၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့်** Irkutsk Aviation Plant **မှ ထုတ်လုပ်သည့် လေယာဉ် ၇၀၀၀ ကျော်ကိုလည်း ဤသည့်စနစ်များဖြင့်ပင် စစ်ဆေး၊ စမ်းသပ်ခဲ့ကြောင်း၊ ခေတ်နှင့်အညီ ပစ္စည်းကိရိယာများ အဆင့်မြင့်လာသည်မှအပ လုပ်ငန်းစဉ်ကို တိတိကျကျဆောင်ရွက်ခဲ့ကြောင်း အထွေထွေညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြသည်။ အကြီးအကဲ၏မေးမြန်းမှုအပေါ် ဖြေကြားတင်ပြမှုဖြစ်၍ အထောက်အထား၊ အကိုးအကားများပါသည်။**

### ရှင်းလင်းတင်ပြ

နိုင်ငံတော်အကြီးအကဲ၏ စုံစမ်းမေးမြန်းမှု၊ အထွေထွေညွှန်ကြားရေးမှူးချုပ်က အသေးစိတ် ရှင်းလင်းတင်ပြမှုမှာ ထပ်မံလေ့လာသည့်နေရာအရောက်တွင် ရည်ရွယ်ရင်းကို သိရသည်။ မြန်မာ့တပ်မတော်(လေ)အတွက် ထုတ်လုပ်လျက်ရှိသည့် SU–30 တိုက်ခိုက်ရေးလေယာဉ်များ တပ်ဆင်ထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာသည့် နေရာအတွက် ကြိုတင်မေးမြန်းခဲ့ခြင်းဖြစ်သည်။ မြန်မာ့တပ်မတော်အတွက် တပ်ဆင်ထုတ်လုပ်နေသည့် လေယာဉ်များ၏ စွမ်းဆောင်ရည် ပြည့်ဝနေစေရေး၊ ကြံ့ခိုင်ရည်ကောင်းမွန်ရေးတို့အတွက် ကြိုတင်မေးခွန်းထုတ်ခဲ့ခြင်းဟု သဘောပေါက်မိသည်။ အထွေထွေညွှန်ကြားရေးမှူးချုပ်ကလည်း အကြီးအကဲ၏ ရည်ရွယ်ချက်ပါသည့် မေးခွန်းအတွက် ထုတ်လုပ်ပြီး SU–30 လေယာဉ်များကို လေ့ကျင့်စမ်းသပ်နေမှုများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။ ထိုသို့ ရှင်းလင်းတင်ပြသည့်တိုင် အကြီးအကဲအနေဖြင့် မေးခွန်းများက ကျန်သေးသည်။ မြန်မာ့တပ်မတော်အတွက် ထုတ်လုပ်သည့် တိုက်လေယာဉ်များကို အမြင့်မားဆုံးသော စွမ်းဆောင်ရည်၊ အခိုင်မာဆုံးသော ကြံ့ခိုင်မှု၊ စိတ်ချရသည့်လုံခြုံမှု စသည်ဖြင့် ပြည့်ဝနေစေလိုသည့် အကြီးအကဲ၏ဆန္ဒမှာ မေးခွန်းများတွင် သိသာသည်။ အထွေထွေ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများကလည်း အကြီးအကဲ၏ မေးခွန်းများကို ပြည့်ပြည့်စုံစုံ ရှင်းလင်းတင်ပြကြသည်။ စက်ရုံအတွင်း လေ့လာမှုနှင့် ရှင်းလင်းတင်ပြမှုများအပြီးတွင် နိုင်ငံ့အကြီးအကဲနှင့် အထွေထွေ ညွှန်ကြားရေးမှူးချုပ်တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ဆက်လက်လေ့လာသည့် Irkutsk Regional Children's Clinical Hospital သို့ ရောက်ရှိစဉ် ဆေးရုံ၏အကြီးအကဲ Mr. Kozolv Yuri Andreevich နှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ဆေးရုံရှိ အစည်းအဝေးခန်းမအတွင်း ဖိတ်ခေါ်သည့် အစည်းအဝေးခန်းမအတွင်းတွင် ဆေးရုံအကြီးအကဲက ဆေးရုံအတွင်း ကလေးသူငယ်များအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနိုင်မှု အခြေအနေများ၊ ဆေးရုံအား ၂ နှစ်အတွင်း ခုတင်– ၄၀၀ ဆံ့အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများကို Video Presentation များဖြင့် တင်ပြသည်။ ၎င်းအပြင် ဆေးရုံအား အဆင့်မြှင့်တင်တည်ဆောက်ပြီးစီးချိန်တွင် ဖြစ်ပေါ်လာမည့် ပုံရိပ်အခြေအနေအား VR နည်းပညာဖြင့်ပါ ရှင်းလင်းတင်ပြ၍ သူ၏တင်ပြမှုကို အဆုံးသတ်သည်။ တင်ပြသူအပြီးတွင် အကြီးအကဲ၏ သိရှိလိုသည်များကို မေးမြန်းမှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခြင်းတို့ဆောင်ရွက်သည်။ မေးမြန်းမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးမှုတို့တွင် မိမိတို့နိုင်ငံ၏ အနာဂတ်ခေါင်းဆောင်ကလေးများကျန်းမာရေးကို အပြည့်အဝစောင့်ရှောက်ပေးနိုင်ရန်ဟူသော စကားရပ်ဖြင့် ကလေးသူငယ်များအပေါ် ထားရှိသည့် စိတ်စေတနာကိုပြသည်။ အဆောက်အဦ အဆင့်မြှင့်တင်ခြင်းကိုပင် ကလေးတွေအတွက် ကောင်းမွန်သည့် ဆောင်ရွက်ချက်ဟုချီးကျူးရင်း ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုခြင်းကို ဆောင်ရွက်သည်။

### ပညာရေးနယ်ပယ်သို့ လေ့လာရေးခရီးဆက်

ဆေးရုံအတွင်း ထပ်မံတိုးချဲ့ဆောက်လုပ်မည့် ဆေးရုံနေရာကိုကြည့်ရှုအပြီး ခွဲစိတ်ကုသဆောင်သို့ လေ့လာသည်။ ဆေးရုံအကြီးအကဲက ခွဲစိတ်ဆောင်အတွင်း Robotic Technology အသုံးပြုခွဲစိတ်ကုသနိုင်မှုနှင့် စက်ကိရိယာများ၏စွမ်းဆောင်ရည်များကို ရှင်းလင်းတင်ပြပြီး စမ်းသပ်ခွဲစိတ်မှုတစ်ခုကို သရုပ်ပြခွဲစိတ်ပြသည်။ ခွဲစိတ်မှုအား Robotic Technology နှင့် စက်ကိရိယာများ အသုံးပြုခွဲစိတ်ခြင်း အောင်မြင်စွာပြီးမြောက်ခြင်းအဖြစ် အမှတ်တရ

*စာမျက်နှာ ၇ သို့*

စာမျက်နှာ ၆ မှ

ခတ်ပုံရိုက်ကူးကြပြီး အကြီးအကဲက ဆေးရုံအကြီးအကဲအား အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်သည်။ ကလေးဆေးရုံ လေ့လာမှုအပြီးတွင် စက်တင်ဘာ ၁၁ ရက်နေ့၏ အဆုံးသတ် လေ့လာရေးခရီးစဉ်အဖြစ် အကြီးအကဲ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ပညာရေးနယ်ပယ်သို့ လေ့လာရေးခရီးဆက်သည်။

သွားရောက်သည့်နေရာမှာ အမှတ် (၁၄)အခြေခံပညာ အလယ်တန်းကျောင်း MBOU Zakharovkaya Secondary School Moscow ဖြစ်သည်။ ကျောင်းသို့ရောက်ရှိစဉ် Irkutsk ပြည်နယ်အစိုးရအဖွဲ့ ပညာရေးဝန်ကြီး Maxim Alexandrovich Parfenov၊ ကျောင်းအုပ်ကြီး Ms. Lyudmila Leonidovna Tuchkova နှင့် ကျောင်းတာဝန်ခံများက ကြိုဆိုနှုတ်ဆက်ကြသည်။ ကျောင်းအတွင်း လှည့်လည်ကြည့်ရှုရာတွင် မူလတန်းကျောင်းသား၊ ကျောင်းသူများအား ပညာသင်ကြားပေးနေမှု အခြေအနေများကို စတင်လေ့လာသည်။ ကလေးသူငယ်များ စာသင်ကြားမှုတွင် စိတ်ပါဝင်စားမှုရှိစေရန်၊ လွယ်ကူရှင်းလင်းစွာဖြင့် ဘာသာရပ်များအား နားလည်တတ်ကျွမ်းစေရန် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပစ္စည်းများ အသုံးပြုသင်ကြားနေမှုမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ကျောင်းအုပ်ကြီးကလည်း အသေးစိတ်ရှင်းလင်းတင်ပြမှုကြောင့်လည်း ဖြစ်မည်ထင်သည်။ အကြီးအကဲက မူလတန်းအရွယ် ကလေးငယ်များ၏ သင်ကြားမှုတွင် လိုအပ်မှုအချို့ကို အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များကို ရှင်းပြသည်။ ပညာရေးနယ်ပယ်အတွက် အကြီးအကဲ၏ မျှော်မှန်းချက်ကိုလည်း ထည့်သွင်းပြောကြားအပြီးတွင် ကျောင်းအတွင်းရှိ စာကြည့်တိုက်များကို လေ့လာသည်။ အသက်အပိုင်းအခြားအလိုက်၊ ပညာအရည်အချင်းအလိုက် စာကြည့်တိုက်များကို ခွဲခြားထားမှုမှာ စနစ်ကျလှသည်။ ကျောင်းအတွင်းရှိ ကလေးကစားကွင်းအား ကြည့်ရှုပြီးချိန်အထိ ကျောင်းအုပ်ကြီးက လိုက်လံရှင်းလင်းပြသသည်။ အကြီးအကဲ၏ ပညာရေးအား စိတ်ပါဝင်စားမှုကို ကျောင်းအုပ်ကြီးလည်း အကဲခတ်မိသည်ဖြစ်ရာ ရှင်းလင်းတင်ပြမှုများမှာ ပြည့်စုံလှသည်။ ကျောင်းအတွင်း လှည့်လည်ကြည့်ရှုမှုအပြီးတွင် အကြီးအကဲ၏ပညာရေးနှင့် ပတ်သက်သည့် မေးခွန်းအချို့ကို မေးမြန်းပြီး ပညာရည် အဆင့်မြှင့်တင်ရေးဆိုင်ရာ ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Irkutsk Regional Children's Clinical Hospital အတွင်း ကြည့်ရှုလေ့လာစဉ်။

## လာမည့်အနာဂတ်တွင် စတင်ဆောင်ရွက်ရန် ကျန်ရှိ

မြန်မာ့စကားပုံတစ်ခု ရှိသည့် "အစကောင်းမှ အနှောင်းသေချာသည်" ဆိုသော စကားပုံဖြစ်ပြီး ထိုစကားပုံကို အကြီးအကဲ တိတိကျကျပုံဖော်လိုမှုကို မြင်ရသည်။ အဆင့်မြင့်ပညာအဆင့်အတွက် အဓိကအကျဆုံးသော အခြေခံပညာအဆင့်မှ ပြည့်စုံကောင်းမွန်နေရန် လိုအပ်သည်ကို သဘောပေါက်မိသည်။ ထိုအတွက်လည်း လှည့်လည်ကြည့်ရှုလေ့လာခြင်းအပါအဝင် ပူးပေါင်းဆောင်ရွက်ရေးအတွက် မေးမြန်းဆွေးနွေးနေခြင်းဖြစ်သည်ဟု ယုံကြည်မိသည်။ ဆွေးနွေးမှုအပြီးတွင် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးပြီး စက်တင်ဘာ ၅ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိ ခရီးစဉ်ကာလအတွင်း တွေ့ဆုံဆွေးနွေးမှု၊ အစည်းအဝေးတက်ရောက်မှု၊ လှည့်လည်ကြည့်ရှုလေ့လာမှု အစရှိသည့် ပြုဖွယ်ကိစ္စမှန်သမျှတို့ကို အဆုံးသတ်သည်။ ခရီးစဉ်တစ်ခုအနေဖြင့် ပြီးဆုံးခြင်းသို့ တိုင်ခဲ့သော်လည်း လာမည့်အနာဂတ်တွင်ကား လုပ်ဆောင်ဖွယ်ကိစ္စ၊ ပူးပေါင်းဆောင်ရွက်ရမည့်နယ်ပယ်များမှာ အရှိန်အဟုန်မြှင့်တင်ရန်၊ စတင်ဆောင်ရွက်ရန် စသည်ဖြင့် ကျန်ရှိနေပေလိမ့်မည်။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Irkutsk မြို့လေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသည်။ အမိမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာမည့် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား Irkutsk ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Mr. Igor Ivanovich Kobzev နှင့် တာဝန်ရှိသူများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်တို့က လေဆိပ်တွင် လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

## နိုင်ငံတော်အကြီးအကဲ ပြန်လည်ရောက်ရှိ

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံ၏နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိချိန်မှာ ညနေစောင်းကာလဖြစ်သည်။ နေပြည်တော် တပ်မတော်လေဆိပ်သို့ အထူးလေယာဉ် ဆင်းသက်ချိန်တွင် ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များ၊ ကောင်စီအတွင်းရေးမှူးအပါအဝင် ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။ ထို့အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ ဒုတိယအကြီးအကဲ Mr. Pavel A. KLABUKOV၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူး Colonel Sergei KURCHENKO တို့ကလည်း ကြိုဆိုသည်။

တာဝန်ရှိသူများက ကြိုဆိုမှုအပြင် ထူးခြားချက်များကို လေယာဉ်မှအဆင်းတွင်ပင် စတင်မြင်တွေ့ရသည်။ တိုင်းရင်းသား၊ တိုင်းရင်းသူ သားငယ်၊ သမီးငယ်များက ဂုဏ်ပြုပန်းစည်းကမ်း၍ ကြိုဆိုသည်။ တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ထားသည့် ကြိုဆိုမှုမဟုတ်။ ခွင့်ပြုချက်တောင်းခံ၍ အကြီးအကဲ၏

စာမျက်နှာ ၈ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှတ်(၁၄) အခြေခံပညာ အလယ်တန်းကျောင်း MBOU Zakharovkaya Secondary School Moscow အတွင်း ကြည့်ရှုလေ့လာစဉ်။

■ ဆေးရုံအတွင်း ထပ်မံတိုးချဲ့ဆောက်လုပ်မည့် ဆေးရုံနေရာကိုကြည့်ရှုအပြီး ခွဲစိတ်ကုသဆောင်သို့ လေ့လာသည်။ ဆေးရုံအကြီးအကဲက ခွဲစိတ်ဆောင်အတွင်း Robotic Technology အသုံးပြုခွဲစိတ်ကုသနိုင်မှုနှင့် စက်ကိရိယာများ၏ စွမ်းဆောင်ရည်များကို ရှင်းလင်းတင်ပြပြီး စမ်းသပ်ခွဲစိတ်မှုတစ်ခုကို သရုပ်ပြခွဲစိတ်ပြသည်။ ခွဲစိတ်မှုအား Robotic Technology နှင့် စက်ကိရိယာများ အသုံးပြုခွဲစိတ်ခြင်း အောင်မြင်စွာပြီးမြောက်ခြင်းအဖြစ် အမှတ်တရ ဓာတ်ပုံရိုက်ကူးကြပြီး အကြီးအကဲက ဆေးရုံအကြီးအကဲအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။ ကလေးဆေးရုံလေ့လာမှုအပြီးတွင် စက်တင်ဘာ ၁၁ ရက်နေ့၏ အဆုံးသတ်လေ့လာရေး ခရီးစဉ်အဖြစ် အကြီးအကဲဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ပညာရေးနယ်ပယ်သို့ လေ့လာရေးခရီးဆက်သည်

# e-Government လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ပါက ပြည်သူလူထု၏ လိုအပ်ချက်များကို ထိထိရောက်ရောက် ဝန်ဆောင်မှုပေးနိုင်မည်

**နေပြည်တော် စက်တင်ဘာ ၂၁**

e-Government လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ပါက ပြည်သူလူထု၏ လိုအပ်ချက်များကို ထိထိရောက်ရောက်ဝန်ဆောင်မှုပေးနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ဦးစီးဌာနများအနေဖြင့် e-Government လုပ်ငန်းများ အကောင်အထည် ဖော်ရာတွင် ထဲထဲဝင်ဝင် စိတ်ပါဝင်စားစွာ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က တိုက်တွန်းပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန e-Government ဆိုင်ရာ လုပ်ငန်းများတိုးတက်စေရေး အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ယင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများနှင့် ဝန်ထမ်းများကို ထိုသို့ တိုက်တွန်း ပြောကြားခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဖွင့်လှစ်သော သင်တန်းများနှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ ပို့ချသော သင်တန်းများသည် e-Government လုပ်ငန်းများ၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည့်အတွက် တက်ရောက်ပြီးသူများက ဝန်ကြီးဌာနအတွင်း ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချသွားရန်နှင့် လက်တွေ့ဆောင်ရွက်ရန် လိုကြောင်း၊ e-Government ဌာနခွဲအား လူမှန်နေရာမှန်ဖြင့် ဖွဲ့စည်းထားရှိပြီး e-Government လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက် ရှိပါကြောင်း၊ နည်းပညာ အသုံးပြုခြင်းဖြင့် အချိန်တိုအတွင်း လုပ်ငန်းပြီးစီးနိုင်ခြင်း၊ မြန်ဆန်လုံခြုံစွာ ဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း ပြောကြားခဲ့သည်။

ထို့အတူ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က နည်းပညာ ကျွမ်းကျင်မှုရှိစေရန် အရာထမ်း/အမှုထမ်းများကို သင်တန်းပို့ချ လေ့ကျင့်ပေးရန် လိုအပ်ကြောင်း၊ တစ်ဦးချင်း တတ်ကျွမ်းသူများကို ရွေးချယ်စုစည်း၍ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ Network Security နှင့် Document Security ကို အလေးထား ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အရာထမ်း/ အမှုထမ်းများ အနေဖြင့် လုပ်ငန်းကျွမ်းကျင်အောင် ဆောင်ရွက်နိုင်ရုံမက Digital Ethic ကို အလေးထား လိုက်နာကျင့်သုံးရန်လိုကြောင်း မှာကြားခဲ့သည်။




ယင်း အစည်းအဝေးတွင် ဝန်ကြီးရုံးနှင့် ဦးစီးဌာနများ အလိုက် ဆောင်ရွက်လျက်ရှိသော Social Management Information System (SMIS)၊ Enterprise Resource Planning (ERP)၊ Inventary Management Software (IMS)၊ Myanmar Disaster Alert (MDA)၊ Electronic Document Management System(EDMS)၊ Digital Literacy Training၊ Advanced Training စသည့် လုပ်ငန်း/ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မဲဆန္ဒရှင်စာရင်းများစိစစ်ခြင်းနှင့် မဲရုံများလျာထားသတ်မှတ်နိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ညှိနှိုင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိမြို့နယ် ရှစ်မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်းနှင့် မဲရုံများ လျာထားသတ်မှတ်နိုင်ရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် မြို့နယ်အလိုက် ကွင်းဆင်း၍ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ဝဲပုံ)**




တွေ့ဆုံစဉ် အဖွဲ့ဝင်များသည် နယ်မြေအလိုက် မဲရုံသတ်မှတ်ဖွဲ့စည်းမှုများနှင့်ပတ်သက်၍ စိစစ်ညှိနှိုင်းအတည်ပြုခြင်း၊ လျာထား မဲရုံများ ကွင်းဆင်းစစ်ဆေးအတည်ပြု ဆောင်ရွက်ခြင်း၊ အိမ်ထောင်စုဇယား ပုံစံ (၆၆/၆) ရှိ၍ နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်ထားသူများသာ ဆန္ဒမဲပေးနိုင်မည် ဖြစ်သည့်အတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးခြင်း၊ ရွေးကောက်ပွဲအကြိုကာလ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ၊ မဲရုံသုံးပစ္စည်းများ ထပ်မံဖြည့်ဆည်းရန် လိုအပ်ချက်များကို ဆွေးနွေးခြင်း၊ ပြောင်းလဲကျင့်သုံးသွားမည့် ရွေးကောက်ပွဲပုံစံနှင့် မဲပေးမှုစနစ်ဆိုင်ရာကိစ္စရပ်များကို အသိပညာပေးရှင်းလင်းပြောကြားခြင်းများ ဆောင်ရွက်ခဲ့ပြီး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ သက်ဆိုင်ရာ မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ်ရွေးကောက်ပွဲအရာရှိနှင့် ဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်/ကျေးရွာ အုပ်စုစာရေးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် စက်တင်ဘာ ၂၁**

မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။**မိုး/ဇလ**

*စာမျက်နှာ ၇ မှ*

ခရီးစဉ်ပြန်လည်ရောက်ရှိမှုကို ကြိုဆိုခြင်းဖြစ်သည်။ ပန်းစည်းကမ်းကြိုဆိုမှုတွင်မကသေး။ ရိုးရာအကအလှအဖွဲ့များကလည်း တီးမှုတ်ကခုန်၍ ကြိုဆိုသည်။ အကြီးအကဲ၏ ခရီးစဉ် တစ်လျှောက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေးမှု၊ ဖိုရမ်တွင် တက်ရောက်ဆွေးနွေးမှု၊ တိုင်းပြည်နှင့် လူမျိုးအကျိုးကို ရှေးရှုသည့် တွေ့ဆုံဆွေးနွေးမှု၊ လေ့လာမှု စသည့် လှုပ်ရှားမှုများကို သိမြင်ထားကြသည်။ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ စီးပွားရေး၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် ကဏ္ဍပေါင်းစုံတွင် ရလဒ်ကောင်းများကို ယူဆောင်လာနိုင်သည်ကို ခံစားမိကြသည်။ ဤနှယ်သော အကြောင်းရင်းခံများကြောင့်ပင် ပြည်သူလူထု၏ ရင်တွင်းစိတ်ဆန္ဒအခံဖြင့် ယခုလို လာရောက်ကြိုဆိုခြင်းဖြစ်သည်။ မိမိ၏ ကြိုးစားဆောင်ရွက်ခဲ့မှုများကို ယခုကဲ့သို့ လာရောက်ကြိုဆိုခြင်းအတွက် အကြီးအကဲမှာလည်း ကြည်နူးပျော်ရွှင်နေသည်ကို မြင်တွေ့ရသည်။

**သဟဇာတမျှမှုက မင်္ဂလာရှိ**

နိုင်ငံတော်အကြီးအကဲအား ကြိုဆိုသူများ၏ စီမံထားမှုမှာ ဤမျှနှင့်ပင် မပြီးဆုံးသေး။ လေယာဉ်အဆင်းမှ အစချီ၍ VIP ခန်းမဆောင်၊ ၎င်းမှသည် တပ်မတော်လေဆိပ်အဝိုင်း၊ ဆက်၍ အပြည်ပြည်ဆိုင်ရာ လေဆိပ်အဝိုင်းအထိ စီတန်းကြိုဆိုကြသည်။ ကိုယ်စီတိုင်းလက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ ဝါ၊ စိမ်း၊ နီ နှင့် ကြယ်ဖြူပါ အလံကို ကိုင်သည်။ "(၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum- 2022) တက်ရောက်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့အား လှိုက်လှဲစွာ ကြိုဆိုပါ၏" "ကမ္ဘာ့အလယ် မြန်မာ့ဂုဏ်ဝင့်ထည်စေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အထူးပင်ကျေးဇူးတင်ပါသည်။" "အမိမြန်မာနိုင်ငံတော်အတွက် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ကြိုးစားမှုများအား လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါသည်။" "နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအောင်မြင်ပါစေ" "ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကြိုဆိုပါသည်" "ရုရှား-မြန်မာ ချစ်ကြည်ရေး ထာဝရအစွန့်ရှည် တည်မြဲပါစေ" ဟူသည့် ဗီနိုင်းစာသားများ၊ အကြီးအကဲ၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခရီးစဉ်အတွင်း လှုပ်ရှားဆောင်ရွက်ခဲ့သည့် ပုံရိပ်များပါဝင်သည့် ရုပ်ပုံများကိုလည်း ကိုင်ဆောင်ကြသည်။ ထိုမျှပင်မကသေး။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျန်းမာပါစေ၊ ချမ်းသာပါစေဟု ကြွေးကြော်သံများကိုလည်း သံပြိုင်ညီညီ အော်ဟစ်ကြွေးကြော်၍ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ အကြီးအကဲကလည်း ကားမှန်ကိုချ၍ လက်ပြကာ အပြုံးဖြင့် တုံ့ပြန်နှုတ်ဆက်သည်။ အကြီးအကဲက စေတနာအရင်းခံဖြင့် ကြိုးစားအားထုတ်သည်။ ကြိုဆိုသူများက စေတနာစိတ်ဖြင့် ဆောင်ရွက်ကြိုးပမ်းမှုကို မေတ္တာစိတ်ဖြင့် ကမ်းလင့်သည်။ အပေးအယူ သဟဇာတမျှမှုက မင်္ဂလာရှိပါဘိ။

**ပန်းကိုလို၍ အပင်ပျိုးခဲ့သည်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်သည့်ခရီးစဉ်ကား ပြီးဆုံးခဲ့ပြီဖြစ်သည်။ အကြီးအကဲ၏ခရီးစဉ်အတွင်း ဆောင်ရွက်နိုင်ခဲ့မှုများကား မနည်းလှသလို အတူလိုက်ပါသွားခဲ့သည့် နိုင်ငံတော်အဆင့်၊ ပြည်ထောင်စုအဆင့် တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများ၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကား များပြားလှသည်။ ပန်းကိုလို၍ အပင်ပျိုးခဲ့သည်။ အပင်သန်ရန်အတွက် မြေဆီသြဇာများလည်း ဖြည့်သွင်းခဲ့ကြသည်။ ဆက်လက် ရှင်သန်ရန်အတွက်လည်း ခွန်အားများရှိသည်။ ခွန်အားနှင့် စွမ်းရည်များကိုလည်း အသုံးချကြိုးပမ်းကြမည်ကို ယုံကြည်မိသည်။ "တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲ" ဟု စကားပုံရှိသည်။ တစ်လံမကသော ကြိုးပမ်းခဲ့မှုအဖြစ် ခရီးစဉ်လှုပ်ရှားမှုများတွင် ပုံဖော်နိုင်ခဲ့ပြီဖြစ်သည်။ အနာဂတ်မြန်မာနိုင်ငံ၏ မဝေးသည့် အောင်မြင်ပန်းတိုင် လှမ်းကိုင်နိုင်တော့မည်ဟု ယုံကြည်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

❖ အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း(mask)ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

# "အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနား ၂၀၂၂" သို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းကိုယ်စားလှယ်အဖွဲ့ ရုပ်သံမှတစ်ဆင့် တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၁**

တရုတ်ပြည်သူ့ ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေး အသင်း CHINESE PEOPLE'S ASSOCIATION FOR PEACE AND DISARMAMENT (CPAPD) ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ယနေ့ ကျင်းပပြုလုပ်သော "အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ၂၀၂၂" သို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း (အငြိမ်းစား) ဦးဆောင်သော မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းကိုယ်စားလှယ်အဖွဲ့သည် ရုပ်သံမှတစ်ဆင့် တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**

အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ကို ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အရ ၁၉၈၁ ခုနှစ်၌ စတင်သတ်မှတ်ခဲ့ပြီး နှစ်စဉ်စက်တင်ဘာလ ၂၁ ရက်နေ့တွင် အထိမ်းအမှတ်အခမ်းအနား ကျင်းပပြုလုပ်လျက်ရှိသည်။ "အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ၂၀၂၂" ကို ကြီးမှူး၍ ကျင်းပပြုလုပ်သော CPAPD သည် ၁၉၈၅ ခုနှစ် ဇွန်လတွင် စတင်ဖွဲ့စည်းခဲ့သော ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ရည်ရွယ်ထားသည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ အရပ်ဘက်အဖွဲ့အစည်း တစ်ရပ်ဖြစ်ပြီး နိုင်ငံပေါင်း ၁၀၀ ခန့် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် သုတေသနအဖွဲ့ပေါင်း ၃၀၀ ကျော်တို့ဖြင့် ပူးပေါင်းဆောင်ရွက်၍ နိုင်ငံတကာနှင့်ဒေသတွင်း လက်နက်ထိန်းချုပ်ရေး၊ ဖျက်သိမ်းရေးနှင့် မပြန့်ပွားရေးတို့အပေါ် အဓိကထား ဆောင်ရွက်လျက်ရှိသည်။

CPAPD သည် ငြိမ်းချမ်းမှု ပြန့်ပွားရေးနှင့် မြှင့်တင်ရေးတို့ကို အလေးထားလျက် ၁၉၈၉ ခုနှစ် မှစတင်၍ "သိပ္ပံနှင့်ငြိမ်းချမ်းရေး နိုင်ငံတကာသတင်းပတ်" (၃၃) ကြိမ် ကျင်းပပြုလုပ်ခဲ့မှုအပါအဝင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံရှိ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နှင့် ပူးတွဲ၍ "အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား" (၈) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။

"အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ၂၀၂၂" အား လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ ရုပ်သံမှတစ်ဆင့်လည်းကောင်း တက်ရောက်နိုင်သည့် ဖက်စပ်စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ Wang Quishan တက်ရောက်မိန့်ခွန်းပြောကြားဖွင့်လှစ်၍ နိုင်ငံပေါင်း ခြောက်နိုင်ငံမှ နိုင်ငံရေးခေါင်းဆောင် ခြောက်ဦးနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်း အတွင်းရေးမှူးချုပ်တို့က ရုပ်သံမှတစ်ဆင့် မိန့်ခွန်းပြောကြားခဲ့သည်။ အဆိုပါအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ နယ်ပယ်အသီးသီးမှ ကိုယ်စားလှယ်များနှင့် သံတမန်များက လူကိုယ်တိုင်တက်ရောက်ခဲ့ကြပြီး နိုင်ငံအသီးသီးမှ နိုင်ငံရေးအဖွဲ့အစည်းများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးဆိုင်ရာ အကြံပေးအဖွဲ့ကိုယ်စားလှယ်များက ရုပ်သံမှတစ်ဆင့် တက်ရောက်ကြသည်။



အခမ်းအနားကို အစီအစဉ်အတိုင်း ပြုလုပ်ခဲ့ကြပြီး ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနား၏ ဆောင်ပုဒ်အဖြစ် "ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရေး၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေး ကနဦးလုပ်ငန်းအား အရေးယူဆောင်ရွက်ခြင်း" အား ရွေးချယ်အတည်ပြုခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ (၈) ရပ်ကွက်နေ အိုက်ပီး(ခ) လီရှင်းတယ်သည် ၎င်းအသုံးပြုသည့် "Li Shintal" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားနှင့် အဓမ္မလက်ထပ်ပေါင်းသင်းစေပြီး ငွေကြေး အကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် စက်တင်ဘာ ၂၁**

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားနှင့် အဓမ္မလက်ထပ်ပေါင်းသင်းစေပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သူကို အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်နေ သာယာအောင်(ခ)အာယာ က ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်နေ မ --- ၂၄ နှစ်ကို တရုတ်နိုင်ငံရှိ မီးလုံးစက်ရုံတွင် အလုပ်လုပ်ရမည် လစာ(၈)သိန်းကျပ်ခန့်ရမည်၊ စားရိတ်ငြိမ်း ပို့ဆောင်ပေးမည်ဟု စည်းရုံးပြောဆို၍ တရုတ်နိုင်ငံသို့ တရုတ်မယားအဖြစ် အဓမ္မလက်ထပ်ပေါင်းသင်းစေပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ကမာရွတ်မြို့မ ရဲစခန်း(ပ) ၂၃၂၉/၂၀၁၉၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်၍ အနောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ယနေ့တွင် တရားခံ သာယာအောင်(ခ)အာယာ ကို လူကုန်ကူးမှုတားဆီး ကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် (၁၂) နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲတွင် အရေးနိမ့်

**ရန်ကုန် စက်တင်ဘာ ၂၁**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) က သတ်မှတ်ထားသည့် နိုင်ငံတကာ ရက်သတ္တပတ်တွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် ဟောင်ကောင်လက်ရွေးစင်အသင်းတို့ စက်တင်ဘာ ၂၁ ရက်က ဟောင်ကောင်၌ ယှဉ်ပြိုင်ကစားရာ ဟောင်ကောင်လက်ရွေးစင်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယခုခြေစမ်းပွဲကို ပရိသတ်မပါဘဲ ကွင်းပိတ်ကစားခြင်းဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် အန်တွမ်နီဟေးအနေဖြင့် နှစ်ကုန်ပိုင်း ယှဉ်ပြိုင်ရမည့် AFF Cup ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ပြည်တွင်းလိဂ်တွင် ခြေစွမ်းပြနေသူများဖြင့် ဖွဲ့စည်းယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် ကျော်ဇင်ဖြိုး (ဂိုး)၊ ဟိန်းဇေယျာလင်း၊ ဝေယံဦး၊ ရဲမင်းသူ၊ ကျော်လင်လွင်၊ အောင်ဝဏ္ဏစိုး၊ အောင်နိုင်ဝင်း၊ ကျော်မင်းဦး၊ ရန်နိုင်ဦး၊ နိုင်ဇင်ထက်၊ ဝင်းနိုင်ထွန်းတို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့ပြီး ဝေယံဦး၊ ဟိန်းဇေယျာလင်း၊ နိုင်ဇင်ထက်တို့ လက်ရွေးစင် ကစားသမားအဖြစ် ပထမဆုံးပွဲထွက်ကစားခွင့် ရခဲ့သလို ဒဏ်ရာကြောင့် ကာလရှည်အနားယူခဲ့ရသည့် ကျော်မင်းဦးလည်း ပြန်လည်ကစားခွင့်ရခဲ့သည်။ မြန်မာအသင်းသည် မိနစ် ၃၀ ကျော်အထိ ဟောင်ကောင်တိုက်စစ်ကို ထိန်းချုပ်နိုင်သော်လည်း ၃၅၊ ၃၆ မိနစ်တွင် နှစ်ဂိုးဆက်ပေးလိုက်ရကာ ပထမပိုင်းအပြီးတွင် ဟောင်ကောင်အသင်းက နှစ်ဂိုးပြတ် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ပြီး မြန်မာအသင်းအနေဖြင့် ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့သည်။

မြန်မာအသင်းနှင့် ဟောင်ကောင်အသင်းတို့၏ ဒုတိယခြေစမ်းပွဲကို စက်တင်ဘာ ၂၄ ရက်တွင် ထပ်မံကစားမည်ဖြစ်ကာ ယင်းပွဲကိုမူ ပရိသတ်များ ကြည့်ရှုခွင့်ရမည်ဖြစ်သည်။ **ရဲရင့်လွင်**

# အကြမ်းဖက်မှုများနှင့် သေဒဏ်ချမှတ်ခြင်းဆိုင်ရာ ဥပဒေအသိ၊ ဗဟုသုတသတိ

ကိုစိုင်း(မဟာဥပဒေ)

■ လူမှုမီဒီယာကွန်ရက် စာမျက်နှာအစုံစုံတွင်လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ တရားဝင်မီဒီယာများတွင် လည်းကောင်း ဖော်ပြပါရှိသည့် အကြမ်းဖက်သမားများ လူသတ်မှုကျူးလွန်နေခြင်းများကို နေ့စဉ်နှင့်အမျှ စာဖတ်သူများမှ ဖတ်ရှုသိရှိမည်ဟု ထင်မြင်မိပါသည်။ ဒီလူတွေဘာကြောင့် အပြစ်မဲ့ပြည်သူတွေကို သတ်သနည်း၊ လူသတ်လျှင် အပြစ်ပေးခံရသည်ကို မသိခြင်းလား၊ မကြောက်၍လား မေးလိုပါသည်။ လူသတ်မှုကျူးလွန်လျှင် ရာဇသတ်ကြီးဥပဒေအရ အရေးယူခြင်းခံရပါမည်။ ရာဇသတ်ကြီးဥပဒေသည် မြန်မာနိုင်ငံ ဗြိတိသျှကိုလိုနီဖြစ်စဉ်ကတည်းက မြန်မာ-အိန္ဒိယနိုင်ငံတွင် ပြဋ္ဌာန်းထားခဲ့သော ဥပဒေဖြစ်ပါသည်။ ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရများက နိုင်ငံတော်တွင် အာဏာတည်စေခဲ့ပါသည်။ ယနေ့တိုင်လည်း ခေတ်နှင့်ဆီလျော်အောင်ပြုပြင်၍ အာဏာတည်ဆဲဖြစ်သော အထင်ကရဥပဒေတစ်ရပ်ဖြစ်

■ အကြမ်းဖက်သမား(PDF)များ၏ လုပ်ဆောင်နေမှုများသည် တည်ဆဲဥပဒေများအရ သေဒဏ်ထိုက်သောပြစ်မှုများကို ကျူးလွန်နေကြခြင်းဖြစ်ကြောင်း စာဖတ်သူတို့ တွေ့မြင်သုံးသပ်မိမည်ဟု ထင်မြင်ပါသည်။ ဒါတင်မျှမကသေး အားပေးကူညီသူ၊ ပူးပေါင်းကြံစည်သူများသည်လည်း ကိုယ်တိုင်ပြစ်မှုကျူးလွန်သူကဲ့သို့ အလားတူ ပြစ်ဒဏ်ခံရမည်ကို ဥပဒေအသီးသီးတွင် ပြဋ္ဌာန်းထားပြီးဖြစ်

"ဥပဒေဆိုသည်မှာ စည်းကမ်းဖြစ်သည်။ စည်းကမ်းတိုင်းသည် ဥပဒေမဟုတ်ပါ။ စည်းနှောင်အားရှိသော စည်းကမ်းသည်သာ ဥပဒေဖြစ်ပါသည်။" "No One is Above the Law ဥပဒေအထက်တွင် မည်သူမျှမရှိပါ။" အစရှိသော ဥပဒေရေးရာဆောင်ပုဒ်များကို ရည်ညွှန်းသုံးသပ်လျက် ဥပဒေနှင့်ပြစ်မှု၊ ပြစ်ဒဏ်အကြောင်းကို စာဖတ်သူတို့အတွက် ဤဆောင်းပါးဖြင့် မျှဝေပေးလိုပါသည်။

ဥပဒေဆိုသည်မှာ စည်းနှောင်အားရှိသည် ဆိုသကဲ့သို့ နိုင်ငံတော်က ပြဋ္ဌာန်းထားသော ဥပဒေပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ကျူးလွန်ပါက သတ်မှတ်ထားသည့် ပြစ်ဒဏ်ကို စီရင်ခြင်းခံရမည်ဖြစ်ပါသည်။ စာရေးသူတို့ မြန်မာနိုင်ငံအတွင်း အကြမ်းဖက်သမားများ၏ ဥပဒေချိုးဖောက်ကျူးလွန်မှုဖြစ်ရပ်အစုံစုံကြောင့် စာရေးသူအနေဖြင့် ယခုကဲ့သို့ ရေးသားတင်ပြရခြင်းဖြစ်ပါသည်။

### အထင်ကရဥပဒေတစ်ရပ်ဖြစ်

လူမှုမီဒီယာကွန်ရက် စာမျက်နှာအစုံစုံတွင်လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ တရားဝင်မီဒီယာများတွင်လည်းကောင်း ဖော်ပြပါရှိသည့် အကြမ်းဖက်သမားများ လူသတ်မှုကျူးလွန်နေခြင်းများကို နေ့စဉ်နှင့်အမျှ စာဖတ်သူများမှ ဖတ်ရှုသိရှိမည်ဟု ထင်မြင်မိပါသည်။ ဒီလူတွေဘာကြောင့် အပြစ်မဲ့ပြည်သူတွေကို သတ်သနည်း၊ လူသတ်လျှင် အပြစ်ပေးခံရသည်ကို မသိခြင်းလား၊ မကြောက်၍လား မေးလိုပါသည်။ လူသတ်မှုကျူးလွန်လျှင် ရာဇသတ်ကြီးဥပဒေအရ အရေးယူခြင်းခံရပါမည်။ ရာဇသတ်ကြီးဥပဒေသည် မြန်မာနိုင်ငံ ဗြိတိသျှကိုလိုနီဖြစ်စဉ်ကတည်းက မြန်မာ-အိန္ဒိယနိုင်ငံတွင် ပြဋ္ဌာန်းထားခဲ့သော ဥပဒေဖြစ်ပါသည်။ ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရများက နိုင်ငံတော်တွင် အာဏာတည်စေခဲ့ပါသည်။ ယနေ့တိုင်လည်း ခေတ်နှင့်ဆီလျော်အောင်ပြုပြင်၍ အာဏာတည်ဆဲဖြစ်သော အထင်ကရ ဥပဒေတစ်ရပ် ဖြစ်ပါသည်။

မည်သူမဆို ထောင်ဒဏ်နှစ် ၂၀ ပြစ်ဒဏ်ခံနေရစဉ်အတွင်း လူသတ်လျှင် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂ (၁) (က) အရ သေဒဏ်ချမှတ်ရမည်ဖြစ်ပါသည်။ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂ (၁) (ခ)အရ မည်သူမဆို တင်ကူးကြံရွယ်ချက်ဖြင့် လူသတ်လျှင် သေဒဏ်ချမှတ်ရမည်ဖြစ်ပါသည်။ ထို့အပြင် မည်သူမဆို ထောင်ဒဏ် ၇ နှစ်အထိ ချမှတ်နိုင်သော ပြစ်မှုကျူးလွန်နေချိန် (ဥပမာ-မုဒိမ်းမှု၊ ညဥ့်အချိန် အိမ်ဖောက်ထွင်းခိုးယူမှု၊ လုယက်မှု/ဓားပြမှုကဲ့သို့ ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်နေသောအချိန်)တွင် လူသတ်လျှင် ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) အရသေဒဏ် (ကြိုးပေးဒဏ်) ချမှတ်ရမည်ဖြစ်ပါသည်။ အထက်တွင် ဖော်ပြသလို အခြေအနေမျိုးမဟုတ်ဘဲ ရက်ရက်စက်စက်မလုပ်ဘဲ ကြိုတင်ကြံစည်ခြင်းမရှိသော အခြားသော အခြေအနေတစ်ခုခုကြောင့် လူသတ်မှုကျူးလွန်လျှင်မူ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂(၂) အရ ထောင်ဒဏ် နှစ် ၂၀ အထိ ချမှတ်နိုင်ပါသည်။

> **မည်သူမဆို ထောင်ဒဏ်နှစ် ၂၀ ပြစ်ဒဏ်ခံနေရစဉ်အတွင်း လူသတ်လျှင် ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂ (၁) (က) အရ သေဒဏ်ချမှတ်ရမည်ဖြစ်ပါသည်။ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂ (၁)(ခ) အရ မည်သူမဆို တင်ကူးကြံရွယ်ချက်ဖြင့် လူသတ်လျှင် သေဒဏ်ချမှတ်ရမည်ဖြစ်ပါသည်။ ထို့အပြင် မည်သူမဆို ထောင်ဒဏ် ၇ နှစ်အထိ ချမှတ်နိုင်သော ပြစ်မှုကျူးလွန်နေချိန် (ဥပမာ-မုဒိမ်းမှု၊ ညဥ့်အချိန် အိမ်ဖောက်ထွင်းခိုးယူမှု၊ လုယက်မှု/ဓားပြမှုကဲ့သို့ ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်နေသောအချိန်) တွင် လူသတ်လျှင် ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) အရသေဒဏ် (ကြိုးပေးဒဏ်) ချမှတ်ရမည်ဖြစ်ပါသည်။ အထက်တွင်ဖော်ပြသလို အခြေအနေမျိုးမဟုတ်ဘဲ ရက်ရက်စက်စက်မလုပ်ဘဲ ကြိုတင်ကြံစည်ခြင်းမရှိသော အခြားသော အခြေအနေတစ်ခုခုကြောင့် လူသတ်မှုကျူးလွန်လျှင်မူ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၃၀၂(၂)အရ ထောင်ဒဏ် နှစ် ၂၀ အထိ ချမှတ်နိုင်**

### အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ

တစ်ဆက်တည်း အကြမ်းဖက်သမားများ ဖောက်ဖျက်ကျူးလွန်နေသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအကြောင်း တင်ပြလိုပါသည်။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၄ တွင် မည်သူမဆို အကြမ်းဖက်မှုပြစ်မှုတစ်ခုခုကို ကျူးလွန်ရာ၌ သူတစ်ဦးဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ သေစေလျှင် သို့မဟုတ် အပြင်းအထန်နာကျင်စေလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်ဟုလည်းကောင်း၊ မည်သူမဆို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀ တွင် ဖော်ပြထားသည့် အကြမ်းဖက်သမားများကို အားပေးကူညီခြင်းနှင့် ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများကို ကျူးလွန်လျှင် အနည်းဆုံး ထောင်ဒဏ်ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်ဟု ဖော်ပြပါသည်။

ယခုတင်ပြခဲ့သော ဥပဒေပြဋ္ဌာန်းချက်များအရ အကြမ်းဖက်သမား(PDF)များ၏ လုပ်ဆောင်နေမှုများသည် တည်ဆဲဥပဒေများအရ သေဒဏ်ထိုက်သောပြစ်မှုများကို ကျူးလွန်နေကြခြင်းဖြစ်ကြောင်း စာဖတ်သူတို့ တွေ့မြင်သုံးသပ်မိမည်ဟု ထင်မြင်ပါသည်။ ဒါတင်မျှမကသေး အားပေးကူညီသူ၊ ပူးပေါင်းကြံစည်သူများသည်လည်း ကိုယ်တိုင်ပြစ်မှုကျူးလွန်သူကဲ့သို့ အလားတူ ပြစ်ဒဏ်ခံရမည်ကို ဥပဒေအသီးသီးတွင် ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၀၉ တွင် မည်သူမဆို ပြစ်မှုတစ်မှုဖြစ်မြောက်အောင် တစ်နည်းနည်းဖြင့် အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ခြင်းပြုလုပ်လျှင် ထိုသို့ပြုလုပ်မှုအတွက် ပြစ်ဒဏ်ပြဋ္ဌာန်းချက် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ကျူးလွန်ခဲ့သောပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကိုသာ ချမှတ်ရမည်ဟု ဖော်ပြထားသည်။ "အားပေးသူနှင့် ကျူးလွန်သူတူညီပြစ်ဒဏ်ပေး" ဟူသော ဥပဒေဆောင်ပုဒ်ကို အလွယ်တကူမှတ်သားနားလည်စေလိုပါသည်။

နိုင်ငံတော်မှ တရားဝင်ထုတ်ပြန်ချက်များအရ အကြမ်းဖက်သမား (PDF) များ၏ ရက်စက်စွာသတ်ဖြတ်မှုများမှာ ၁-၂-၂၀၂၁ ရက်နေ့မှ ၁၀-၉-၂၀၂၂ ရက်နေ့အထိ "ဆူပူအကြမ်းဖက်သောင်းကျန်းသူများကြောင့် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း အစိုးရဝန်ထမ်းများအကြမ်းဖက် သတ်ဖြတ်ခံရမှု ၁၀၃ ဦး၊ ဒဏ်ရာရရှိမှု ၂၁၀ ၊ အုပ်ချုပ်ရေးအပိုင်းမှ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ အပါအဝင် တာဝန်ရှိသူများ အကြမ်းဖက်သတ်ဖြတ်ခံရမှု ၆၃၃ ဦး၊ ဒဏ်ရာရ ၄၀၀ ၊ ရဟန်း၊ သံဃာတော်များ (သီလရှင်အပါအဝင်)အကြမ်းဖက်သတ်ဖြတ်ခံရမှု ၅၃ ပါး၊ ဒဏ်ရာရ ၂၉ ပါး၊ ကလေးသူငယ်အကြမ်းဖက်သတ်ဖြတ်ခံရမှု ၈၈ ဦး၊ ဒဏ်ရာရ ၂၃၇ ဦး၊ ရိုးရိုးအရပ်သား အကြမ်းဖက်သတ်ဖြတ်ခံရမှု ၃၀၂၂ ဦး၊ ဒဏ်ရာရ ၂၆၀၉ ဦး စုစုပေါင်းအကြမ်းဖက်သတ်ဖြတ်ခံရမှုကြောင့် ၃၈၉၉ ဦး သေဆုံးပြီး ၃၄၈၅ ဦး ဒဏ်ရာရရှိခဲ့ပါကြောင်း" တွေ့ရပါသည်။

### ရက်စက်သောလုပ်ရပ်သည် မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်မဟုတ်

လတ်တလော လူမှုကွန်ရက်မီဒီယာတွင် ကျောင်းဆရာမ နှစ်ဦးအား PDF အကြမ်းဖက်သမားများမှ မျက်လုံးကို အဝတ်ဖြင့်စည်း၍ ကျောင်းဆရာမလေးက "မသတ်ပါနှင့်" ဟု အော်ဟစ်တောင်းပန်နေသည့်ကြားကပင် အကြမ်းဖက်သမားများက ရက်စက်စွာသတ်ဖြတ်ခဲ့သည်ကို

*စာမျက်နှာ ၁၁ သို့*

**❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer နှင့် ၁၇-၈-၂၀၂၂ ရက်နေ့တွင် နေပြည်တော်၌ တွေ့ဆုံခဲ့ပြီး ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေ၏ ပြင်ပမှနေ၍ မည်သည့်ကိစ္စကိုမှ ဆောင်ရွက်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် အလွန်ဆိုးရွားသည့်ပြစ်မှုများကို ကျူးလွန်ခဲ့သောကြောင့် အပြစ်ပေးအရေးယူခံရခြင်းဖြစ်ကြောင်း၊ ၎င်းတို့အနက် အချို့မှာ လူ ၄၊ ၅၊ ၆ ဦး သတ်ဖြတ်ခဲ့ကြသူများဖြစ်ကြောင်း၊ အဆွေတော်အနေဖြင့် အဆွေတော်၏ မိတ်ဆွေသားချင်းများအသတ်ခံရလျှင် မည်ကဲ့သို့ခံစားရမည်ကို မေးမြန်းလိုကြောင်း၊ မြန်မာနိုင်ငံ၌ အကြမ်းဖက်သမားများ၏ အကြမ်းဖက်သတ်ဖြတ်မှုများကြောင့် အပြစ်မဲ့ပြည်သူ ၃၅၀၀ ခန့် သေဆုံးခဲ့ရကြောင်း၊ အဆိုပါ သေဆုံးသူများ၏ မိဘများ၊ ဆွေမျိုးသားချင်းများကို မိမိတို့အနေဖြင့် မည်ကဲ့သို့ နှစ်သိမ့်ပေးရမည်ကို သိရှိလိုကြောင်း ဆွေးနွေးခဲ့**

*စာမျက်နှာ ၁၀ မှ*

လူမှုမီဒီယာတွင် ဝမ်းနည်းစွာဖတ်ရှုကြားသိကြမည်ဟု ထင်ပါသည်။ ယခုလို ရက်စက်သောလုပ်ရပ်သည် မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက် မဟုတ်ကြောင်း စာရေးသူသတိပြုမိပါသည်။ သေချာတာတစ်ခုကတော့ မကြာသေးမီနှစ်များက ISIS အကြမ်းဖက်သမားများက ဤသို့ သတ်ဖြတ်မှုမျိုး ပြုလုပ်သည်ကို မီဒီယာများတွင် ဖော်ပြချက်များအရ မှတ်သားဖူးပါသည်။ အဆိုပါ ISIS အကြမ်းဖက်အဖွဲ့ မြန်မာပြည်အတွင်းသို့ ရောက်ရှိနေပြီလားဟု ထင်မြင်မိသည်။

၂၀၂၁ ခုနှစ် မတ်လ ၁၅ ရက်နေ့ ည ၈ နာရီ မိနစ် ၄၀ တွင် သားငယ်၊ ဝေယံဝင်းမြင့် (ခ) ဝေယံနှင့် ကျော်ခိုင်တို့ပါဝင်သော လူ ၁၅ ဦးခန့်က ရွှေပေါက်ကံမြို့သစ် အမှတ် (၁၁) ရပ်ကွက် အောင်ရွှေဇင်လမ်း အိမ်အမှတ် (၆၄၁) ဦးစိန်မိုး၏ နေအိမ်အား မီးရှို့ဖျက်ဆီး၍ နေအိမ်အတွင်းမှ ဦးစိန်မိုးအား ဒလန်ဟုစွပ်စွဲကာ ဆွဲထုတ်၍ ခြေထောက်အား ကြိုးဖြင့်ချည်ပြီး နေအိမ်ရှေ့လမ်းမအပေါ်တွင် တုတ်များ၊ ဓားများဖြင့် ဝိုင်းခုတ်ကြခြင်း၊ ဦးစိန်မိုး၏ သားများဖြစ်ကြသည့် မောင်အောင်မိုးဟိန်း၊ မောင်ထင်ခန့်မိုးဟိန်း၊ တူဖြစ်သူ ပံသုကျော် (ခ) ဖိုးလပြည့်တို့အား သစ်ပင်တွင် ချည်နှောင်၍ တုတ်များ၊ ဓားများဖြင့် ဝိုင်းဝန်းရိုက်နှက်သေဆုံးစေခဲ့ပြီးနောက် ငမိုးရိပ်ချောင်းထဲသို့ ပစ်ချခြင်းခံခဲ့ရသည့်ကိစ္စနှင့် ၂၀၂၂ ခုနှစ် ဇွန်လ ၂၉ ရက်နေ့ ည ၈ နာရီ မိနစ် ၃၀ တွင် ရန်ကုန်မြို့ မြောက်ဒဂုံ ဘောလီတံတားအနီးတွင် တောင်ဒဂုံမြို့နယ် လျှပ်စစ်မန်နေဂျာ ဗိုလ်ကြီး ဝင်းမြင့်ဇော်(ငြိမ်း)အား မီးပွိုင့်မိ၍ ကားရပ်တန့်ထားစဉ် နောက်မှ နောက်ယောင်ခံလိုက်လာသူ အကြမ်းဖက်သမားများက ကားပေါ်မှဆင်း၍ သေနတ်ဖြင့် ၆ ချက်ပစ်ခတ်သတ်ဖြတ်ခဲ့ရာ ကားပေါ်တွင် ပွဲချင်းပြီးသေဆုံးသွားခြင်းကိစ္စ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့ ညနေ ၃ နာရီဝန်းကျင်ခန့်တွင် သင်္ဃန်းကျွန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးရုံးအတွင်းသို့ ဝင်ရောက်၍ သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် ဦးစီးအရာရှိ ဒဏ်ရာရရှိ၍ ဒုဦးစီးမှူး ဦးကျော်မိုး သေဆုံးသွားခြင်းတို့မှာ တင်ကူးကြံရွယ်ချက်ဖြင့် ကြိုတင်ပြင်ဆင်၍ သတ်ဖြတ်ခြင်းဖြစ်သဖြင့် ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂ (၁) (ခ)အရ သေဒဏ်ထိုက်သော ပြစ်မှုကို ကျူးလွန်ခြင်းပင်ဖြစ်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၄ အရလည်း အမြင့်ဆုံးသေဒဏ်ထိုက်သင့်သော ပြစ်မှုပင်ဖြစ်ပါသည်။

### မလွဲမသွေ သေဒဏ်ချမှတ်ထိုက်သော အမှုများ

၂၀၂၂ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့ နံနက် ၈ နာရီခန့်တွင် မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဇနီးတို့သည် ကလေးငယ်နှစ်ဦးအား ကျောင်းပို့ရန် မော်တော်ယာဉ်ဖြင့် ထွက်ခွာလာစဉ် မော်တော်ယာဉ်ရှေ့သို့ လက်လုပ်မိုင်းတစ်လုံး ပစ်ခတ်ဖောက်ခွဲ၍ ရပ်တန့်စေခဲ့ပြီး နိုင်အောင်ထွန်း (ခ) ဒဿက အုပ်ချုပ်ရေးမှူး၏ ဇနီးဖြစ်သူ ဒေါ်ဟေမာလွင်အား လည်းကောင်း၊ စိုးမင်းစံက အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ထွန်းအားလည်းကောင်း သားသမီးငယ် နှစ်ဦးရှေ့တွင်ပင် ပစ္စတိုဖြင့် ငါးချက်စီ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်း၊ အဆိုပါ အရွယ်မရောက်သေးသော သားသမီးငယ် နှစ်ဦး ကျန်ရစ်ခဲ့ခြင်းကိစ္စနှင့် ၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့ ၈ နာရီ မိနစ် ၃၀ ခန့်တွင် ချမ်းအေးသာစံမြို့နယ် လမ်း ၃၀၊ ၅၆ x ၅၇ လမ်းတွင် ဆိုင်ကယ်စီးနင်းလာသော ဦးစည်သူကိုကိုနှင့် မနှင်းဝေဝေလှိုင်တို့ကို Tiger Force Mandalay အဖွဲ့က ရဲမှူးတစ်ဦးနှင့် မှားသည်ဆိုကာ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းကြောင့် အရွယ်မရောက်သေးသူ သမီးငယ် တစ်ဦးကျန်ရစ်ခဲ့ခြင်းကိစ္စတို့ကြောင့် စာရေးသူအနေဖြင့် ရင်နင့်အောင်ခံစားခဲ့ရပြီး စာဖတ်သူများလည်း ထပ်တူခံစားကြရမည်ဟု ထင်မြင်မိပါသည်။ ဤကဲ့သို့ သတ်ဖြတ်ကျူးလွန်မှုများသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂ (၁) (ခ) အရ သေဒဏ်ထိုက်သော ပြစ်မှုကို ကျူးလွန်ခြင်းဖြစ်သဖြင့် မလွဲမသွေ သေဒဏ်ချမှတ်ထိုက်သော အမှုများပင်ဖြစ်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၄ အရ အမြင့်ဆုံး သေဒဏ်အထိ ပြစ်ဒဏ်ချမှတ်နိုင်သော ပြစ်မှုပင်ဖြစ်ပါသည်။

### ISIS အကြမ်းဖက်တို့နှင့် မည်သို့ဆက်စပ်ပါသလဲ

၂၀၂၁ ခုနှစ် မတ်လ ၂၉ ရက်နေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မန္တလေးမြို့ အောင်မြေသာဇံမြို့နယ် ၁၄ လမ်းထိပ် နှင်းဆီအိမ်ရာအနီးတွင် ကျော်တင့် (မင်းတဲ/ အီကင်းရပ်ကွက်၊ ရာအိမ်မှူးဟောင်း NLD စည်းရုံးရေးမှူး)၊ သိန်းထွန်း(ခ) သန်းထွန်း (ခ) သိန်းထွန်းဦး (နှင်းဆီအိမ်ရာ) ဦးဆောင်သော ၁၄ ဦးခန့်က မဟာအောင်မြေမြို့နယ်ရဲစခန်းမှ ရဲအရာရှိတစ်ဦးအား ဖမ်းဆီးကာ လူအများရှေ့တွင် တာယာကွင်းများဖြင့် စွပ်၍ အရှင်လတ်လတ်ရက်စက်စွာ မီးရှို့သတ်ဖြတ်ခဲ့ခြင်းမှာလည်း မြန်မာ့လူမှုနယ်ပယ်တွင် မမြင်ဝံ့ မကြားဝံ့သော ရက်စက်ကြမ်းကြုတ်သည့် လုပ်ရပ်ပင်ဖြစ်ပါသည်။ ထိုကဲ့သို့ ရက်စက်စွာပြုလုပ်မှုများကို လူပုံအလယ်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ရာ ISIS တို့ ကျင့်သုံးခဲ့သော အကြမ်းဖက်လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် အကြောက်တရားဖြင့် ပြည်သူလူထုကို လွှမ်းမိုးချုပ်ကိုင်ရေးပုံစံကို ကျင့်သုံးဆောင်ရွက်နေခြင်းဖြစ်သည်လားဟု ထင်မြင်သုံးသပ်မိပါသည်။ ထိုသို့ဆိုလျှင် ISIS အကြမ်းဖက်တို့နှင့်မည်သို့ ဆက်စပ်ပါသလဲဟု စဉ်းစားသုံးသပ်ရန်အကြောင်း ပေါ်လာရပါသည်။

### အပြစ်မဲ့ပြည်သူ ၃၅၀၀ ခန့် သေဆုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer နှင့် ၁၇-၈-၂၀၂၂ ရက်နေ့တွင် နေပြည်တော်၌ တွေ့ဆုံခဲ့ပြီး ထိုသို့ တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေ၏ ပြင်ပမှနေ၍ မည်သည့်ကိစ္စကိုမှ ဆောင်ရွက်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် အလွန်ဆိုးရွားသည့် ပြစ်မှုများကို ကျူးလွန်ခဲ့သောကြောင့် အပြစ်ပေးအရေးယူခံရခြင်းဖြစ်ကြောင်း၊ ၎င်းတို့အနက် အချို့မှာ လူ ၄၊ ၅၊ ၆ ဦး သတ်ဖြတ်ခဲ့ကြသူများဖြစ်ကြောင်း၊ အဆွေတော်အနေဖြင့် အဆွေတော်၏ မိတ်ဆွေသားချင်းများ အသတ်ခံရလျှင် မည်ကဲ့သို့ခံစားရမည်ကို မေးမြန်းလိုကြောင်း၊ မြန်မာနိုင်ငံ၌ အကြမ်းဖက်သမားများ၏ အကြမ်းဖက်သတ်ဖြတ်မှုများကြောင့် အပြစ်မဲ့ပြည်သူ ၃၅၀၀ ခန့် သေဆုံးခဲ့ရကြောင်း၊ အဆိုပါ သေဆုံးသူများ၏ မိဘများ၊ ဆွေမျိုးသားချင်းများကို မိမိတို့အနေဖြင့် မည်ကဲ့သို့ နှစ်သိမ့်ပေးရမည်ကို သိရှိလိုကြောင်း ဆွေးနွေးခဲ့ပါသည်။

### "ဥပဒေအသိ၊ ဗဟုသုတသတိ" ရှိစေလို

စာပေါင်းချုပ်ကြပါစို့ စာဖတ်သူများတို့၊ စာရေးသူပေးလိုသည်မှာ "ဥပဒေအသိ၊ ဗဟုသုတသတိ" ရှိစေလိုခြင်းပင် ဖြစ်ပါသည်။ "ဥပဒေကို မသိလို့ ချိုးဖောက်မိသည်ဆိုခြင်းကို ဥပဒေက လက်မခံ"ဆိုသည့် ဥပဒေဆောင်ပုဒ်ကို ရည်ညွှန်းလိုပါသည်။ နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေများကို စာဖတ်သူများ သိရှိပြန့်ပွားပေးစေလိုပါသည်။ ယနေ့နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော အကြမ်းဖက်မှုများသည် သေဒဏ်အထိ ပြစ်ဒဏ်ချမှတ်ထိုက်သော ပြစ်မှုများဖြစ်ကြောင်း ဥပဒေပြဋ္ဌာန်းချက်များကို ကိုးကားလျက် စာရေးသူမှ ကောက်နုတ်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ စာရေးသူ ကောက်နုတ်တင်ပြခဲ့သော ဖြစ်စဉ်သာဓကများကြောင့် စာဖတ်သူများ နှလုံးစိတ်ဝမ်း မအေးချမ်းကြရလျှင်လည်း နားလည်သည်းခံပြီး လေ့လာဖတ်ရှုကြစေလိုပါသည်။

မြန်မာ့ယဉ်ကျေးမှုလူမှုနယ်ပယ်တွင် မရှိခဲ့ဖူးသော ရက်စက်စွာတင်ကူးကြံရွယ်ချက်ဖြင့် အကြမ်းဖက်သတ်ဖြတ်ခံခဲ့ရသောသူများ၏ မိဘသားချင်း ပြည်သူလူထုတို့၏ ရင်တွင်းခံစားမှု၊ စိတ်ဒဏ်ရာရရှိမှုများကို အသိအမှတ်ပြု နားလည်ပေးကြစေလိုပါသည်။

### ပြစ်ဒဏ်သတ်မှတ်ချက်အတိုင်း စီရင်ခံရနိုင်

"No One is Above the Law ဥပဒေအထက်တွင် မည်သူမျှမရှိပါ။"ဟူသော ဆောင်ပုဒ်ကို ရည်ညွှန်းပါသည်။ ဥပဒေဖောက်ဖျက်ကျူးလွန်သူများကို ဥပဒေက သတ်မှတ်ဖော်ပြထားသည့်အတိုင်း စီရင်ဆုံးဖြတ်ရကြောင်း၊ ကြီးလေးသောပြစ်မှုကို ကျူးလွန် လျှင်ကြီးလေးသော ပြစ်ဒဏ်စီရင်ခံရနိုင်ကြောင်း၊ အားပေးကူညီအထောက်အပံ့ ပြုလုပ်သူများသည်လည်း ကျူးလွန်သောပြစ်မှု၏ ပြစ်ဒဏ်သတ်မှတ်ချက်အတိုင်း စီရင်ခံရနိုင်ကြောင်း ထပ်လောင်းတင်ပြလျက် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးကို ထိန်းသိမ်းကာကွယ် တည်ဆောက်ကြပါစို့ဟု ဆန္ဒပြုအပ်ပါသည်။

**နိုင်ငံတော်မှ တရားဝင်ထုတ်ပြန်ချက်များအရ အကြမ်းဖက်သမား (PDF) များ၏ ရက်စက်စွာသတ်ဖြတ်မှုများမှာ ၁-၂-၂၀၂၁ ရက်နေ့မှ ၁၀-၉-၂၀၂၂ ရက်နေ့အထိ "ဆူပူအကြမ်းဖက် သောင်းကျန်းသူများကြောင့် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း အစိုးရဝန်ထမ်းများအကြမ်းဖက် သတ်ဖြတ်ခံရမှု ၁၀၃ ဦး၊ ဒဏ်ရာရရှိမှု ၂၁၀၊ အုပ်ချုပ်ရေးအပိုင်းမှ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ အပါအဝင် တာဝန်ရှိသူများ အကြမ်းဖက်သတ်ဖြတ်ခံရမှု ၆၃၃ ဦး၊ ဒဏ်ရာရ ၄၀၀၊ ရဟန်း၊ သံဃာတော်များ (သီလရှင်အပါအဝင်)အကြမ်းဖက်သတ်ဖြတ်ခံရမှု ၅၃ ပါး၊ ဒဏ်ရာရ ၂၉ ပါး၊ ကလေးသူငယ်အကြမ်းဖက်သတ်ဖြတ်ခံရမှု ၈၈ ဦး၊ ဒဏ်ရာရ ၂၃၇ ဦး၊ ရိုးရိုးအရပ်သား အကြမ်းဖက်သတ်ဖြတ်ခံရမှု ၃၀၂၂ ဦး၊ ဒဏ်ရာရ ၂၆၀၉ ဦး စုစုပေါင်းအကြမ်းဖက်သတ်ဖြတ်ခံရမှုကြောင့် ၃၈၉၉ ဦး သေဆုံးပြီး ၃၄၈၅ ဦး ဒဏ်ရာရရှိခဲ့ပါကြောင်း" တွေ့ရ**

# ပြည်တွင်းစက်သုံးဆီဖူလုံစေရေး၊ ဈေးနှုန်းတည်ငြိမ်စေရေးတို့အတွက် စီမံဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၁**

၂၀၂၂ ခုနှစ် ဧပြီလအတွင်း စက်သုံးဆီအရောင်းဆိုင်များမှ အရောင်းရပ်ဆိုင်းခြင်း၊ အချိန်အပိုင်းအခြားဖြင့် ရောင်းချခြင်း၊ ပမာဏအကန့်အသတ်ဖြင့် ရောင်းချခြင်းများဖြစ်ပွားခဲ့သဖြင့် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းကဏ္ဍကို ပိုမိုထိရောက်စွာထိန်းကျောင်းကိုင်တွယ်ဆောင်ရွက်နိုင်ရေးနှင့် ပြည်တွင်းဖူလုံမှုရှိစေရေး၊ တင်သွင်းလာသည့် စက်သုံးဆီများ အရည်အသွေးပြည့်မီရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေးတို့အတွက် ရည်ရွယ်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက “စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ” ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

လုပ်ငန်းကြီးကြပ်ရေးကော်မတီမှ “စက်သုံးဆီ တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (Standard Operating Procedures – SOPs)” ကို ရေးဆွဲပြုစု၍ စက်သုံးဆီတင်သွင်းမှုများကို နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီအစည်းအဝေးသို့ စိစစ်ပြုစုတင်ပြဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလအတွင်း ဓာတ်ဆီ ၈၀၄၉၉ တန်နှင့် ဒီဇယ်ဆီ ၁၅၃၀၉၅ ဒသမ ၆၀ တန် စုစုပေါင်း စက်သုံးဆီတန်ချိန် ၂၃၃၅၉၄ ဒသမ ၆၀ တန် တင်သွင်းခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် ပြည်တွင်း၌ စက်သုံးဆီဖူလုံမှုရှိသည့်အပြင် ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းရှိ Terminal များတွင် MT Yu Dong သင်္ဘောသည် ဒီဇယ်ဆီ ၅၁ ဒသမ ၁၇ ဂါလန်သန်းနှင့် ပရီမီယံဒီဇယ်ဆီ ၆၀ ဒသမ ၃၉ ဂါလန်သန်း၊ MT Yu Hai သင်္ဘောသည် 92 Ron ၄၂ ဒသမ ၃၃ ဂါလန် သန်းနှင့် ဒီဇယ်ဆီ ၈၂ ဒသမ ၂၅ ဂါလန်သန်းကို ဆီချလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် နေ့စဉ်စက်သုံးဆီရည်ညွှန်းဈေးနှုန်းများကို ထုတ်ပြန်ပေးလျက်ရှိရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေလဲနှုန်းကို ပုံသေထား၍ စင်ကာပူနိုင်ငံမှ နေ့စဉ်ထုတ်ပြန်သော MOPS ဈေးနှုန်း၊ Premium ၊ အလျော့တွက်၊ အမြတ်ရာခိုင်နှုန်း၊ သယ်ယူစရိတ် (Transport Charges) တို့ကို အခြေခံကာ တွက်ချက်ထုတ်ပြန်ပေးခြင်းဖြစ်သည်။ တစ်ပတ်အတွင်း စက်သုံးဆီဈေးနှုန်းများ ကျဆင်းခဲ့သော်လည်း MOPS ဈေးနှုန်းမြင့်တက်မှုကြောင့် ယနေ့တွင် စက်သုံးဆီဈေးနှုန်း အနည်းငယ်ပြန်လည်မြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်းနှင့်ပူးပေါင်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များ၏ မြို့နယ်များအလိုက် စက်သုံးဆီလိုအပ်ချက်များအတွက် စက်သုံးဆီလက်ကျန်အပေါ် မူတည်၍ ခွဲဝေဖြန့်ဖြူးပေးလျက်ရှိသည်။ သို့ရာတွင် အချို့သောမြို့နယ်များသို့ စက်သုံးဆီ ဖြန့်ဖြူးဆောင်ရွက်ရာတွင် စက်သုံးဆီတင်ဘောက်ဆာ (Bowser) များနှင့် ဆီတွဲရေယာဉ် (Barge) များကို လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များက တိုက်ခိုက်လုယက်မှုများ ပြုလုပ်လျက်ရှိသဖြင့် သက်ဆိုင်ရာ စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီများအချိန်မီ မရောက်ရှိဘဲ နှောင့်နှေးလျက်ရှိကြောင်း တွေ့ရှိရသည်။

အချို့တိုင်းဒေသကြီး/ပြည်နယ်များ၏ စက်သုံးဆီလိုအပ်ချက်များပြည့်မီနိုင်ရန်အတွက် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်များဖြင့် နယ်စပ်ဒေသများမှ စက်သုံးဆီ တင်သွင်းမှုများကိုလည်း ကြီးကြပ်စိစစ်ဆောင်ရွက်ပေးလျက်ရှိသည်။



## ကော့သောင်းကုန်သွယ်ရေးစခန်းတွင် နယ်မြေတည်ငြိမ်အေးချမ်း၍ ကုန်စည်ကူးသန်းရောင်းဝယ်ရေး စည်ကားလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၁**

ကော့သောင်းကုန်သွယ်ရေးစခန်းမှ စက်တင်ဘာ ၂၀ ရက်တွင် ပို့ကုန်အနေဖြင့် ငါးမျိုးစုံ တန် ၈၆၀ (တန်ဖိုး ၀ ဒသမ ၉၃၆ ဒေါ်လာသန်း) နှင့် သီဟိုစေ့ ငါးတန် (တန်ဖိုး ၀ ဒသမ ၀၀၆ ဒေါ်လာသန်း) တင်ပို့ခဲ့သည်။ သွင်းကုန်အနေဖြင့် ဓာတုကုန်ကြမ်းများ တန် ၃၀ (တန်ဖိုး ၀ ဒသမ ၀၀၄ ဒေါ်လာသန်း)၊ လူသုံးကုန်ပစ္စည်းများ ၁၇ တန် (တန်ဖိုး ၀ ဒသမ ၀၁၁ ဒေါ်လာသန်း)နှင့် ပီလောပီနံမှုန့် တန် ၉၀ (တန်ဖိုး ၀ ဒသမ ၀၃၁ ဒေါ်လာသန်း) တင်သွင်းနိုင်ခဲ့ပြီး နယ်မြေအခြေအနေတည်ငြိမ်အေးချမ်းစွာဖြင့် ကုန်စည်ကူးသန်း ရောင်းဝယ်ဖောက်ကားစည်ကားလျက်ရှိသည်။

ကော့သောင်းနယ်စပ်ဒေသ၌ ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ နှစ်နိုင်ငံငွေပေးချေမှုကိစ္စရပ်များကို သက်ဆိုင်ရာ Designated Bank များဖြစ်သည့် A Bank၊ MEB၊ KBZ စသည့်ဘဏ်များဖြင့် ဆောင်ရွက်လျက်ရှိ၍ ငွေကြေးဈေးကွက်တည်ငြိမ်လာပြီး စက်တင်ဘာ ၂၁ ရက်နေ့ ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ဘတ် ၁၁၇၆၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၈၅ ကျပ်ခန့် ရှိကြောင်း သိရှိရသည်။

## International Housing Expo 2022 Pakistan ပြပွဲသို့ ပါဝင်ပြသရန် ဖိတ်ကြား

**နေပြည်တော် စက်တင်ဘာ ၂၁**

ပါကစ္စတန်အစိုးရအနေဖြင့် အိုးအိမ်နှင့် အလုပ်အကိုင်ဝန်ကြီးဌာနမှ တစ်ဆင့် International Housing Expo 2022 Pakistanကို လာမည့် ဒီဇင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပရန် စီစဉ်လျက်ရှိရာ ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များနှင့် ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ကြောင်း ဖိတ်ကြားလာပြီး အသေးစိတ်သိရှိလိုပါက ၀၆၇ – ၃၄၀၈ ၆၀၈ နှင့် ၀၆၇ – ၃၄၀၈ ၆၂၂ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

## “ဟိုချီမင်းမြို့တော် အစားအသောက်နှင့် အဖျော်ယမကာဆိုင်ရာ နိုင်ငံတကာပြပွဲ” သို့ ပါဝင်ပြသရန် ဖိတ်ကြား

ဗီယက်နမ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးတက်ရေးစင်တာ (Investment and Trade Promotion Center – ITPC) နှင့် အစားအစာနှင့် စားသောက်ကုန်ဆိုင်ရာအသင်း (Food and Foodstuff Association – FFA) တို့က ကြီးမှူး၍ လာမည့် အောက်တိုဘာ ၁၉ ရက်မှ ၂၂ ရက်အထိ ဟိုချီမင်းမြို့၌ ကျင်းပမည့် “ဟိုချီမင်းမြို့တော် အစားအသောက်နှင့် အဖျော်ယမကာဆိုင်ရာ နိုင်ငံတကာပြပွဲ”သို့ မြန်မာနိုင်ငံမှ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရန် ဖိတ်ကြားလာကြောင်း သိရသည်။

ကုန်စည်ပြပွဲကို “Interconnection of Values and Development” ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ရာ ပြပွဲတွင် စိုက်ပျိုးရေးထုတ်ကုန်၊ အစားအစာထုတ်လုပ်မှုနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်၊ စက်ပစ္စည်းထုတ်လုပ်မှု၊ နည်းပညာများ၊ စိုက်ပျိုးရေးထုတ်ကုန်များ ထိန်းသိမ်းခြင်း စသည့်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် ပြည်တွင်းနှင့် ပြည်ပလုပ်ငန်းများမှ ပါဝင်ပြသမည် ဖြစ်သည်။

ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် ကိုယ်တိုင်သွားရောက် ပြသနိုင်သည့်အပြင် Online မှလည်း ပါဝင်ပြသနိုင်ရန်အတွက် ပြည်တွင်း/ပြည်ပ စီးပွားရေးလုပ်ငန်း ၃၀၀ ကျော်အတွက် 3D စနစ်သုံး Online ဆိုင်ခန်းပေါင်း ၄၀၀ စီမံထားကြောင်း သိရသည်။

ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် Email: nguyetltm@itpc. gov. vn နှင့် datlq@itpc.gov.vn သို့ဆက်သွယ်စုံစမ်းနိုင်ပြီး QR Code ကို အသုံးပြု၍ Registration ပြုလုပ်နိုင်ပြီး အသေးစိတ်သိလိုပါက ၀၆၇ – ၃၄၀၈၆၀၈ နှင့် ၀၆၇ – ၃၄၀၈၆၂၂ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

## India Mobile Congress 2022 ပြပွဲသို့ ပါဝင်ပြသရန် မြန်မာနိုင်ငံအား ဖိတ်ကြား

**နေပြည်တော် စက်တင်ဘာ ၂၁**

အိန္ဒိယသမ္မတနိုင်ငံ ဆက်သွယ်ရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် မြို့တော်ဒေလီရှိ Pragati Maidan ၌ လာမည့် အောက်တိုဘာ ၁ ရက်မှ ၄ ရက်အထိ “New Digital Universe” ခေါင်းစဉ်ဖြင့် ကျင်းပမည့် အာရှ၏ အကြီးဆုံးဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အခမ်းအနားဖြစ်သည့် (၆) ကြိမ်မြောက် India Mobile Congress 2022 သို့ မြန်မာနိုင်ငံမှ ပါဝင်ပြသနိုင်ကြောင်း ဖိတ်ကြားလာပြီး ပါဝင်ပြသလိုသူ လုပ်ငန်းရှင်များ အသေးစိတ်သိရှိလိုပါက ၀၆၇ – ၃၄၀၈၆၀၈ နှင့် ၀၆၇ – ၃၄၀၈၆၂၂ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

## ANIEE က ကြီးမှူးကျင်းပသည့် Poster နှင့် Video ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဆုရရှိ

**နေပြည်တော် စက်တင်ဘာ ၂၁**

ASEAN Network of Intellectual Property Enforcement Experts (ANIEE) က ကြီးမှူးကျင်းပသည့် Poster နှင့် Video (Regional Level) ပြိုင်ပွဲအတွက် ဆုရွေးချယ်ခြင်းကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲက Virtual စနစ်ဖြင့် ကျင်းပရာ မြန်မာနိုင်ငံမှ အကဲဖြတ်ဒိုင်လူကြီးအဖြစ် မူပိုင်ခွင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ် တက်ရောက်သည်။

မူပိုင်ခွင့်ဆိုင်ရာ Poster နှင့် Video ပြိုင်ပွဲကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အသက် ၃၅ နှစ်အောက် လူငယ်လူရွယ်များ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခဲ့ပြီး ပါဝင်ယှဉ်ပြိုင်မည့် Poster ခေါင်းစဉ် “Respecting Intellectual Property Rights in Midst of the Pandemic to Protect MSMEs” နှင့် Video ခေါင်းစဉ် “IP and Youth: Digital Enforcement, Innovation for a Better Future” ခေါင်းစဉ်တို့အား အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ပြိုင်ပွဲဝင်လက်ရာများ ပါဝင်ယှဉ်ပြိုင်ကြသည်။ မြန်မာနိုင်ငံအနေဖြင့် Poster နှင့် Video လက်ရာ တစ်ခုစီ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်သည့် ဒေါ်ဆုနေခြည်ဝင်းက “IP and Youth: Digital Enforcement, Innovation for a Better Future” ခေါင်းစဉ် Video Clip ဖြင့် တတိယဆုရရှိခဲ့ကြောင်း သတင်းရရှိသည်။

## ဆင်ဖြူကျွန်းရှိ ဒီမိုင်ရတ်သီး စိုက်ပျိုးသူများ အမြတ်ငွေရရှိနေ

**နေပြည်တော် စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး ဆင်ဖြူကျွန်းမြို့ပတ်ဝန်းကျင်ရှိ နွယ်တမယ်ကျေးရွာ၊ ချောင်းကောက်ကျေးရွာများမှ တောင်သူများသည် ငရုတ်အစိုမိုးထောင်မျိုးဖြစ်သော ဒီမိုင်ရတ်မျိုးကို ယခုအခါ ပိုမိုတိုးချဲ့စိုက်ပျိုးကြကြောင်းသိရသည်။ အဆိုပါ ငရုတ်ပင်များကို ဝါခေါင်လတွင် ပျိုးထောင်၍ တော်သလင်းလတွင် စိုက်ပျိုးကြကြောင်း၊ ငရုတ်ပင်သက်တမ်း သုံးလခန့်ရှိလျှင် စတင်ခူးဆွတ်နိုင်ကြောင်း သိရသည်။ ငရုတ်ပင်၏သက်တမ်းမှာ ရှစ်လခန့်ရှိပြီး အပင် ၁၀၀၀၀ ခန့် စိုက်ပျိုးလျှင် စတင်ခူးဆွတ်ချိန်တွင် ပိဿာချိန် ၅၀ ခန့် ထွက်ရှိကြောင်း၊ နောက်ပိုင်း ငရုတ်သီးလှိုင်လှိုင်ပေါ်ချိန်တွင် ပိဿာချိန် ၂၀၀ မှ ၃၀၀ ခန့်အထိ ထွက်ရှိကြောင်း၊ တစ်လလျှင် လေးကြိမ်ခန့် ခူးဆွတ်နိုင်ကြောင်း သိရသည်။

ဆင်ဖြူကျွန်းဒေသထွက် ဒီမိုင်ရတ်သီးများကို ချောက်၊ စလင်း၊ ပွင့်ဖြူ၊ မင်းဘူး၊ မကွေး စသောမြို့များသို့ တင်ပို့ရောင်းချလျက်ရှိပြီး လက်ရှိကာလတွင် ငရုတ်သီးတစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ မှ ၈၀၀၀ ခန့်အထိ ရရှိသောကြောင့် ဒီမိုင်ရတ်စိုက်ပျိုးသူ တောင်သူများအနေဖြင့် အကျိုးအမြတ်များစွာ ရရှိနေကြောင်း သိရှိရသည်။ **DOCA (မကွေး)**

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# ကမ္ဘာကြီးသည် ကြီးမားသောကပ်ဘေးဒုက္ခများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ပြော

ဂျီနီဗာ စက်တင်ဘာ ၂၁

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ကမ္ဘာကြီးသည် ကြီးမားသောကပ်ဘေးဒုက္ခများနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီဖြစ်ကြောင်းနှင့် ကမ္ဘာတစ်ဝန်း ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်လျက်ရှိကြောင်း စက်တင်ဘာ ၂၀ ရက်က ပြောကြားသည်။**



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ် ကုလသမဂ္ဂအထွေထွေညီလာခံတွင် မိန့်ခွန်းပြောကြားနေစဉ်။

မိမိတို့ကမ္ဘာကြီးသည် ဒုက္ခရောက်နေပြီဖြစ်ကြောင်း၊ ကွဲလွဲမှုများ ပိုမိုကြီးထွားလာပြီဖြစ်ကြောင်း၊ မညီမျှမှုများလည်း ကြီးထွားသည်ထက် ကြီးထွားလာပြီဖြစ်ကြောင်း၊ ထို့အပြင် စိန်ခေါ်မှုများလည်း လျင်မြန်စွာ ဖြစ်ပေါ်လျက်ရှိကြောင်း ကုလသမဂ္ဂအကြီးအကဲက အထွေထွေစကားစစ်ထိုးပွဲမစတင်မီ ကုလသမဂ္ဂအထွေထွေညီလာခံတွင် ပြောကြားလိုက်သည်။

မိမိတို့သည် ကမ္ဘာတစ်ဝန်းပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်ရန် လိုအပ်လာပြီဖြစ်ကြောင်း ဂူတာရက်စ်က ပြောသည်။

နိုင်ငံတကာအသိုင်းအဝိုင်းသည် ကမ္ဘာလုံးဆိုင်ရာကမောက်ကမဖြစ်စဉ်များတွင် ရုန်းမထွက်နိုင်ဘဲ ပိတ်မိနေပြီး မိမိတို့ခေတ်၏ ကြီးမားသောစိန်ခေါ်ပြောင်းလဲမှုများကို ကိုင်တွယ်ဖြေရှင်းရန် အဆင်သင့်မဖြစ်သေးကြောင်း ဂူတာရက်စ်က ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

# ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းဒ်ပြည်နယ်၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၂၇ ဦးအထိ ရှိလာ

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၁**

ပါကစ္စတန်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုသည် သိသိသာသာမြင့်တက်လျက်ရှိလာသည်နှင့်အမျှ ယခုလတွင် လက်ရှိအချိန်အထိ နိုင်ငံတောင်ပိုင်း ဆင်းဒ်ပြည်နယ်၌ အဆိုပါရောဂါကြောင့် သေဆုံးသူ ၂၇ ဦးရှိကြောင်း ပြည်နယ်ကျန်းမာရေးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။



သွေးလွန်တုပ်ကွေး ရောဂါကြောင့် သေဆုံးသူအားလုံးသည် ဆင်းဒ်ပြည်နယ်၏ အကြီးဆုံးမြို့တော်ကရာချိမှ ဖြစ်ကြောင်း သိရသည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း ဆင်းဒ်ပြည်နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ထပ်မံကူးစက်ခံရသူ ၃၅၃ ဦး ရှိကြောင်း၊ စက်တင်ဘာလတွင် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူအရေအတွက် စုစုပေါင်း ၃၅၉၄ ဦး ရှိကြောင်းနှင့် ယခုနှစ်တွင် အဆိုပါပြည်နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူ စုစုပေါင်းသည် ၆၁၆၃ ဦးအထိ ရှိလာပြီဖြစ်ကြောင်း စက်တင်ဘာ ၂၀ ရက် ညနေပိုင်းတွင် အဆိုပါဌာနက ထုတ်ပြန်ထားသည်။

ထို့အပြင် နိုင်ငံအနောက်မြောက်ပိုင်း ခိုင်ဘာပတ်ခ်တွန်ခွာ ပြည်နယ်၌ လွန်ခဲ့သော ၂၄ နာရီအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူ ၂၈၄ ဦးရှိသည့်အတွက် အဆိုပါ ပြည်နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ စုစုပေါင်း ၅၂၆၄ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။ ပန်ဂျပ်ပြည်နယ်တွင်လည်း လွန်ခဲ့သော ၂၄ နာရီအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူ ၂၁၅ ဦးရှိသည့်အတွက် သွေးလွန်တုပ်ကွေးဖြစ်ပွားသူ စုစုပေါင်း ၃၆၄၅ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။ ပါကစ္စတန်နိုင်ငံတစ်ဝန်းရှိ ဆေးရုံများသည် သွေးလွန်တုပ်ကွေး ဖြစ်ပွားသူဦးရေ သိသိသာသာ မြင့်တက်လျက်ရှိသည့်အတွက် ဖိအားများနှင့် ရင်ဆိုင်ရလျက်ရှိပြီး ကရာချိမြို့မှ ကိုဗစ်-၁၉ ရောဂါကုသဆောင်အချို့ကို သွေးလွန်တုပ်ကွေးရောဂါ ကုသဆောင်အဖြစ် ပြောင်းလဲထားရကြောင်း ဒေသတွင်း မီဒီယာများက ပြောသည်။ **ဆင်ဟွာ**

# ဂျူကွမ်းဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ ဂြိုဟ်တုသစ်တစ်လုံး တရုတ် လွှတ်တင်



ဂျူကွမ်း စက်တင်ဘာ ၂၁

တရုတ်နိုင်ငံသည် နိုင်ငံအနောက်မြောက်ပိုင်း ဂိုဘီသဲကန္တာရရှိ ဂျူကွမ်းဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ ဂြိုဟ်တုသစ်တစ်လုံးကို စက်တင်ဘာ ၂၁ ရက်က ပတ်လမ်းထဲသို့လွှတ်တင်လိုက်သည်။

ယွန်ဟိုင်း-၁ ၀၃ ဂြိုဟ်တုကို လောင့်မာ့ချ်-၂ ဒီ သယ်ဆောင်ရေးဒုံးပျံဖြင့် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၁၅ မိနစ်တွင် လွှတ်တင်လိုက်ခြင်းဖြစ်သည်။

ဂြိုဟ်တုကို လေထု၊ အဏ္ဏဝါနှင့် အာကာသပတ်ဝန်းကျင်များကို ထောက်လှမ်းခြင်း၊ သဘာဝဘေး အန္တရာယ်ကာကွယ်ရေးနှင့် လျော့ပါးသက်သာစေရေးနှင့် သိပ္ပံနည်းကျစမ်းသပ်မှုများအတွက် အဓိကအားဖြင့် အသုံးပြုသွားမည်ဖြစ်သည်။

ယခုလွှတ်တင်မှုသည် လောင့်မာ့ချ်ဒုံးပျံအုပ်စု၏ (၄၃၈) ကြိမ်မြောက် လွှတ်တင်ခြင်းဖြစ်သည်။ **ဆင်ဟွာ**

လောင့်မာ့ချ်-၂ဒီသယ်ဆောင်ရေးဒုံးပျံက ယွန်ဟိုင်း-၁ ၀၃ ဂြိုဟ်တုကို သယ်ဆောင်ပြီး ဂျူကွမ်းဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ ပျံတက်နေသည်ကို တွေ့ရစဉ်။

# အမေရိကန်နှင့် တာလီဘန်တို့ ကဘူးလ်လေဆိပ်၌ အကျဉ်းသားလဲလှယ်

ကဘူးလ် စက်တင်ဘာ ၂၁

အာဖဂန်နစ္စတန်နိုင်ငံရှိ တာလီဘန်ခေါင်းဆောင်များသည် အမေရိကန်အကျဉ်းထောင်တွင် ဖမ်းဆီးထိန်းသိမ်းထားသော ၎င်းတို့၏ ဘက်တော်သားတစ်ဦးကို လွှတ်ပေးလိုက်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။ အပြန်အလှန်အားဖြင့် ကဘူးလ်၌ ဖမ်းဆီးထိန်းသိမ်းထားသော အမေရိကန်နိုင်ငံသားတစ်ဦးကိုလည်း တာလီဘန်များက လွှတ်ပေးလိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

အမေရိကန်အစိုးရသည် ထောင်ဒဏ် ၁၇ နှစ် ပြစ်ဒဏ်ချမှတ်ထားရသော ဘာရှာနော်ဇိုင်ဟု အမည်ရသည့် မူးယစ်ဆေးဝါးဘုရင်ကို လွှတ်ပေးခဲ့ခြင်းဖြစ်ပြီး တာလီဘန်ဘက်ကလည်း အာဖဂန်နစ္စတန်နိုင်ငံ၌ ထောင်ဒဏ် နှစ်နှစ်ကျခံနေရသော အမေရိကန်နိုင်ငံသား အင်ဂျင်နီယာ မာ့ခ် ဖရီးရစ်ချ်ကို လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အကျဉ်းသားလဲလှယ်မှုကို အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်လေဆိပ်၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တာလီဘန်တို့သည် စက်တင်ဘာ ၁၉ ရက်၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အဆိုပါ အကျဉ်းသားလဲလှယ်မှုသည် အမေရိကန်နိုင်ငံနှင့် စေ့စပ်ညှိနှိုင်းမှု အဆင့်သစ်၏အစကို ပြသခြင်းဖြစ်ကြောင်း ပြောသည်။ အမေရိကန်နိုင်ငံက ဩဂုတ်လအစောပိုင်းတွင် ကဘူးလ်၌ အယ်ကေးဒါးခေါင်းဆောင် အေမန် အယ် ဇဝါဟီရီကို ဒရုန်းဖြင့် ပစ်ခတ်သတ်ဖြတ်မှု ပြုလုပ်ပြီးနောက် အဆိုပါ အကျဉ်းသားလဲလှယ်မှု ထွက်ပေါ်လာခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# မလေးရှား၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ခုနစ်ဦး ထပ်မံသေဆုံး

ကွာလာလမ်ပူ စက်တင်ဘာ ၂၁

မလေးရှားနိုင်ငံ၌ စက်တင်ဘာ ၂၀ ရက် ညသန်းခေါင်အချိန်ထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူသစ် ၁၆၆၇ ဦးရှိကြောင်း မှတ်တမ်းတင်ဖော်ပြမှုနှင့်အတူ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူစုစုပေါင်း ၄၈၂၁၈၆၄ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။ ပြည်ပပြန် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ နှစ်ဦးရှိပြီး ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၁၆၆၅ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ထို့အပြင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် နောက်ထပ် ခုနစ်ဦး ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၃၆၃၂၄ ဦး အထိရှိလာပြီဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာပြီး ဆေးရုံမှ ၂၀၂၈ ဦး ဆင်းလာမှုနှင့်အတူ ဆေးရုံမှဆင်းလာသူပေါင်း ၄၇၆၀၈၂၅ ဦး ရှိလာပြီဖြစ်သည်။ လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၂၄၇၁၅ ဦးရှိသည်။ ၅၉ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိပြီး ၎င်းတို့အနက် ၃၇ ဦးမှာ အသက်ရှူအထောက်အကူပြုကိရိယာ လိုအပ်လျက်ရှိသည်။

နိုင်ငံ၏ လူဦးရေ ၈၆ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ် ထိုးနှံပြီးဖြစ်ကာ ၈၄ ဒသမ ၂ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီး ဖြစ်သည်။ **ဆင်ဟွာ**

# နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ရေးအရှိန်မြှင့်တင်ဆောင်ရွက်

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်တွင်းကူးစက်မှုများ ပိုမိုများပြားလာလျက်ရှိရာ အမြို့မြို့အနယ်နယ်၌ ကြိုတင်ကာကွယ်ရေးအစီအမံများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ရောဂါကူးစက်မှု မဖြစ်ပွားရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။ မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ဆောင်ရွက်မှုများကို ဖော်ပြလိုက်ပါသည်။

## ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs စခန်းရှိ ကျောင်းသား ကျောင်းသူများအား နှာခေါင်းစည်းများဝေ

**ကျောက်ဖြူ စက်တင်ဘာ ၂၁**



ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs စခန်းရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ တက်ရောက်ပညာသင်ယူနေသည့် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် စက်တင်ဘာ ၂၀ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အဆိုပါ ခိုလှုံရာစခန်းသို့သွားရောက်ပြီး အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်း၊ နှာခေါင်းစည်းများနှင့် လက်ကမ်းစာစောင်များ ဝေငှပေးခြင်းကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်မာအောင်က မူလတန်းအဆင့် ကျောင်းသား ကျောင်းသူလေးများအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး အပြင်ထွက်တိုင်း နှာခေါင်းစည်းကို တပ်ဆင်သွားလာကြရန်၊ လက်ကို ဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောကြရန်နှင့် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်/ ရှောင်ရန်များကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များပြသပေးပြီး နှာခေါင်းစည်းနှင့် လက်ကမ်းစာစောင်များ အခမဲ့ဝေငှပေးကြောင်း သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း(ပြန်/ဆက်)**

## တပ်ကုန်းမြို့နယ် မြို့မဈေးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နှာခေါင်းစည်းကမ်ပိန်းဆောင်ရွက်

**တပ်ကုန်း စက်တင်ဘာ ၂၁**



ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ တစ်ကျော့ပြန်လည်ကူးစက်မှု မရှိစေရေးနှင့် ကြိုတင်ကာကွယ်စေရန် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကြီးကြပ်၍ အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှု ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက လူစည်ကားသည့် မြို့မဈေးအတွင်း အသိပညာပေးခြင်းနှင့် နှာခေါင်းစည်း ကမ်ပိန်းပြုလုပ်ခြင်း ဆောင်ရွက်ခဲ့သည်။

တပ်ကုန်းမြို့နယ် အတွင်း ခရီးသွားများနှင့် ဈေးရောင်း ဈေးဝယ် ပြည်သူများအား ကျန်းမာရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ နှာခေါင်းစည်း စနစ်တကျ တပ်ဆင်စေရန်၊ ပြည်သူများ နေအိမ်ပြင်ပသို့ ထွက်ခွာသူတိုင်း နှာခေါင်းစည်းကို တပ်ဆင်သွားလာရန်၊ လက်ကို မကြာခဏ စင်ကြယ်စွာ ဆေးကြောသည့် အလေ့အကျင့်ကောင်းများ ဆက်လက်လိုက်နာ ဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အသိပညာပေး ပြောကြားခြင်းနှင့် နှာခေါင်းစည်း အခမဲ့ ဖြန့်ဝေပေးခြင်း လုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေး ဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**တင်စိုးလွင်**

## စိန်ရတနာနာရေး ကူညီမှုအသင်း၏ အောက်ဆီဂျင်စက်ရုံ၌ အောက်ဆီဂျင်အိုးများ ထုတ်လုပ်ပေးလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကွက်သစ်ရပ်ကွက် မာလာရာမကွက်သစ် ကျောင်းတိုက်အတွင်း တည်ဆောက်ထားသည့် စိန်ရတနာ နာရေးကူညီမှုအသင်း၏ အောက်ဆီဂျင်စက်ရုံတွင် အောက်ဆီဂျင်အိုးများ ထုတ်လုပ်ပေးပြီး လိုအပ်နေသော ပြည်သူများ အသုံးပြုလျက်ရှိကြောင်း စိန်ရတနာ နာရေးကူညီမှုအသင်း၏ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။



ယင်းအောက်ဆီဂျင်စက်ရုံတွင် တစ်နာရီလျှင် လီတာ ၄၀ ဆံ့ အိုးကြီး ရှစ်လုံးခန့် ထုတ်လုပ်နိုင်ပြီး တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အိုးကြီး အလုံး ၁၅၀ ခန့် ထုတ်လုပ်ပေးလျက်ရှိသည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နိုင်ရန် အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ ပါဝင်ကူညီ လှူဒါန်းငွေ၊ အသင်း၏ မတည်ငွေနှင့် အလှူရှင် အသီးသီးတို့၏ စုပေါင်းလှူဒါန်းငွေတို့ဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၃ ရက်က စတင်ဖွင့်လှစ်ကာ ယနေ့အထိ အောက်ဆီဂျင်အိုးများ ထုတ်လုပ်ပေးလျက်ရှိပြီး အောက်ဆီဂျင် လိုအပ်နေသော ပြည်သူများက အသုံးပြုလျက်ရှိကြောင်း သိရသည်။

**ဖွဲ့ထက်ကို( ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**ပန်းတောင်း**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဆင်တဲဈေးအတွင်း ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် ကာကွယ်ဆေးများကို အရှိန်အဟုန်မြှင့် ထိုးနှံပေးလျက်ရှိရာ စက်တင်ဘာ ၂၁ ရက်က ပန်းတောင်းမြို့နယ် ဆင်တဲဈေးရှိ စည်ပင်သာယာဈေးတွင် ဈေးရောင်း ဈေးဝယ်သူများအား ထပ်ဆောင်းကာကွယ်ဆေးများ ဆက်လက် ထိုးနှံပေးခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စုရပ်နေရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကို၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရန်လင်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ကာကွယ်ဆေးထိုးနှံပြီး ခြောက်လနှင့်အထက်ရှိသူများအား ထိုးနှံပေးလျက်ရှိရာ ပန်းတောင်းမြို့နယ် ဆင်တဲဈေးအတွင်းရှိ စည်ပင်သာယာဈေးများအတွင်း ဈေးရောင်း ဈေးဝယ်များနှင့် ပြည်သူများအား နေ့စဉ်ဆက်လက်ထိုးနှံပေးမည် ဖြစ်သည်။ **သင်းသင်းအေး (ပြန်/ဆက်)**



**သရက်**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (Booster Dose) အပိုဆောင်း ထပ်မံထိုးနှံပေးခြင်းကို စက်တင်ဘာ ၂၁ ရက်က မြန်မာ့စီးပွားရေးဘဏ်၌ ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (Boostet Dose) အပိုဆောင်း ထပ်မံထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ထမ်းများက မြန်မာ့စီးပွားရေး ဘဏ်ဝန်ထမ်းများ၊ အငြိမ်းစားလစာ လာထုတ်သူများနှင့် အသက် ၁၈ နှစ်အထက် မြန်မာ့စီးပွားရေးဘဏ်သို့ လာရောက်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထပ်ဆောင်းကာကွယ်ဆေး (Booster Dose) ထိုးနှံခြင်းနှင့် (ပထမ)အကြိမ် ထပ်ဆောင်းကာကွယ်ဆေး (Booster Dose)ထိုးနှံပြီး ခြောက်လပြည့်သူများအား နံနက် ၈ နာရီမှ ၁၁ နာရီအထိ ထပ်မံထိုးပေးလျက်ရှိရာ စက်တင်ဘာ ၂၂ ရက်တွင် ရွှေဘုံသာဘုရားဓမ္မာရုံ၌ ဆေးထိုးရန် ကျန်ရှိသည့် ပြည်သူများနှင့် အငြိမ်းစားဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နံနက် ၁၀ နာရီ မှ ၁၂ နာရီအထိ ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**



# ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၆၉ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ တစ်ဦးရှိ

**(၂၁–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန် ဆောင်ရွက်လျက်ရှိပြီး (၂၀–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၃,၁၉၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၆၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၃.၅၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၉၆၀,၀၄၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၀,၀၃၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၅၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၆,၁၀၅) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၅၁) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၀–၉–၂၀၂၂) ရက်နေ့အထိ အသက် (၁၈)နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၅၀၅,၃၄၄) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေ စုစုပေါင်း (၆,၅၆၉,၅၉၅) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၂၀–၉–၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၅၀၅,၃၄၄ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၅၆၉,၅၉၅ |

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂)ရက်နေ့မှ (၁၉–၉–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း (၁၃၈) ဦးရှိရာ ၎င်းတို့အနက် (၉၇) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါစသည့် နာတာရှည် ရောဂါအခံတစ်ခုခု ရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၇၉.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၈.၆) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိသူများနှင့် (၂) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏**
**ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**

| ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၇၉.၄ ရာခိုင်နှုန်းသည် | ၁၈.၆ ရာခိုင်နှုန်းသည် | ၂ ရာခိုင်နှုန်းသည် |
| | | |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူများအတွင်း နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံမှုအခြေအနေကို လေ့လာသုံးသပ်ချက်အရ အဆိုပါပုဂ္ဂိုလ်များ အနက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားသူများနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားသူများ တွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးမှုကို သိသာစွာလျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည်တို့ကဲ့သို့သော နာတာရှည်ရောဂါ အခံတစ်ခုခုရှိသူ ပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းတို့အပြင် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ Test Kit ၂၀၂၄ ခု တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက် ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



**အပြင်ထွက်တိုင်း**
**ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို**
**စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**



## နေပြည်တော်ရှိ လယ်ဝေးဈေး၊ အေလာဈေးနှင့် သာဝတ္ထိဈေးတို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ပေးဝေခြင်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရန်အတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနမှ တာဝန်ရှိသူများသည် ယမန်နေ့က လယ်ဝေးဈေး၊ အေလာဈေးနှင့် သာဝတ္ထိဈေး တို့တွင် ဈေးသူ/ဈေးသားများနှင့် ဈေးဝယ်လာသူများအား ကိုယ်ပူချိန်တိုင်းတာခြင်း၊ နှာခေါင်းစည်းများ အခမဲ့ပေးဝေခြင်းနှင့် ဈေးရောင်း/ဈေးဝယ်သူ အများပြည်သူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ် ရေး စည်းမျဉ်းစည်းကမ်းများကို အထူးအလေးထား လိုက်နာဆောင်ရွက်ကြရန် ဈေးများအတွင်း Hand Speaker၊ Loud Speaker များဖြင့် လိုက်လံ အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အကြိမ်(၂၀)မြောက် သတင်းစာရှင်းလင်းပွဲ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အကြိမ် (၂၀) မြောက် သတင်းစာရှင်းလင်းပွဲကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက ရုရှား-မြန်မာ ခရီးစဉ်အတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မှုနှင့် အလားအလာများ၊ ငွေကြေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငြိမ်းချမ်းရေးဆောင်ရွက်မှုများ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဩဂုတ် ၃၁ ရက်အတွင်း လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လတ်တလောဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ထောက်ပံ့ကူညီမှုအခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် အခြေအနေများ၊ အကြမ်းဖက် NUG နှင့် PDF အဖွဲ့များ၏ အကြမ်းဖက်လုပ်ဆောင်မှုများနှင့် အကြမ်းဖက်အားပေးမှုများ မဖြစ်စေရန် ပြည်သူလူထုသို့ အသိပေးချက် အခြေအနေများ ဖြစ်ပါကြောင်း၊ အမှတ်စဉ် ၁ မှ ၆ အထိ မိမိအနေဖြင့် ရှင်းလင်းသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲကော်မရှင်အပိုင်းကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ရှင်းလင်းပြောကြားသွားမည် ဖြစ်ကြောင်း၊ ထို့နောက် မေး၊ ဖြေကဏ္ဍဖြစ်ပါကြောင်း၊ မေးခွန်းများမေးသည့်အခါ စနစ်တကျဖြစ်စေရေး အခမ်းအနားမှူးက မီဒီယာအမည်အလိုက် ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်းနှင့် မီဒီယာတစ်ခုလျှင် အချိန်ကန့်သတ်ချက်အရ မေးခွန်းတစ်ခုစီ မေးမြန်းပေးရန် ဖြစ်ကြောင်း ပြောကြားသည်။

## ရုရှား - မြန်မာ သံတမန်ဆက်ဆံရေး ၇၅ နှစ်ပြည့်မြောက်မည်

ပထမဆုံးအနေဖြင့် ရုရှား-မြန်မာခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မှုနှင့် အလားအလာများအကြောင်းကို ပြောလိုပါကြောင်း၊ ရုရှား-မြန်မာ သံတမန် ဆက်သွယ်ရေးဆက်ဆံရေးဆောင်ရွက်လာသည်မှာ ၇၅ နှစ် ပြည့်ခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၄ ရက်တွင် ရုရှားနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ အရှေ့ဖျားဒေသ စီးပွားရေးဖိုရမ် (EEF) ကို တက်ရောက်ရန်အတွက် ရုရှားနိုင်ငံကို သွားရောက်ခဲ့ပါကြောင်း၊ စက်တင်ဘာ ၇ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်တို့ တွေ့ဆုံခဲ့ပါကြောင်း၊ တွေ့ဆုံဆွေးနွေးရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်က ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ သံတမန်ဆက်ဆံရေး ၇၅ နှစ်ပြည့်မြောက်မည်ဖြစ်၍ ဂုဏ်ပြုအခမ်းအနားပြုလုပ်သွားမည်ဖြစ်ကြောင်း၊ **အလေးအနက်ထားပြောကြားခဲ့သည်မှာ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ယုံကြည်အားထားရသည့် ကာလရှည်မိတ်ဖက်နိုင်ငံဖြစ်သည်ဟု ပြောကြားခဲ့ပါကြောင်း၊** အဆိုပါ မှတ်ချက်ပြုပြောကြားချက်သည် အရေးကြီးသည့် ပြောကြားချက်ဖြစ်ပါကြောင်း။

မိမိတို့ နှစ်နိုင်ငံ၏ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် တိုးတက်ကောင်းမွန်လျက်ရှိပြီး ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများသည် အလားအလာကောင်းများစွာကို တွေ့မြင်နေရပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ လာရောက်တက်ရောက်သည့်အတွက်လည်း များစွာကျေးဇူးတင်ကြောင်းကို ပြောကြားခဲ့ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးသည် ၇၅ နှစ်ပြည့်မြောက်တော့မည်ဖြစ်၍ ထူးခြားသည့် သမိုင်းကြောင်းရှိသည့် ဆက်ဆံရေးဖြစ်ကြောင်း၊ ဖြတ်သန်းလာခဲ့သည့် ဆက်ဆံရေး သမိုင်းကြောင်းတစ်လျှောက်တွင် အနိမ့်အမြင့်မျိုးစုံရှိခဲ့ကာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် သမိုင်းကြောင့် အစဉ်အလာ ကြီးမားသည့် နိုင်ငံတစ်ခုဖြစ်ပြီး **လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ခန့်က ရုရှားနိုင်ငံအနေဖြင့် အကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရသော်လည်း လက်ရှိအချိန်တွင် ကမ္ဘာ့ထိပ်တန်း နိုင်ငံတစ်ခုအဖြစ်ကို ရောက်ရှိပြီး ကမ္ဘာ့အရေးကိစ္စမှန်သမျှကို သမာသမတ်ကျစွာဖြင့်** ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရကြောင်းကို ပြောကြားခဲ့ပါကြောင်း။

## ကာလရှည် မိတ်ဖက်နိုင်ငံအဖြစ် ထုတ်ဖော်ပြောကြား

နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး ဆွေးနွေးသည့်အချိန်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံမှု၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ သိပ္ပံနှင့်နည်းပညာကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အာကာသနှင့် ဂြိုဟ်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ အပြန်အလှန်တိုးတက်လာစေရေး၊ မြန်မာနိုင်ငံသို့ ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်းနှီးမြှုပ်နှံစေရေး ဖိတ်ခေါ်မှုများနှင့် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးချနိုင်ရေး အပါအဝင် ကဏ္ဍပေါင်းစုံတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေးတို့နှင့် ပတ်သက်ပြီး ခင်မင်ရင်းနှီးစွာ အသေးစိတ်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါကြောင်း၊ နှစ်နိုင်ငံအကြီးအကဲများ၏ ဆွေးနွေးမှုများသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အရင်းတည်၍ တိုးတက်ခြင်းဆိုသည့် အပြုသဘောဆောင်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ထူးခြားသည်မှာ ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ယုံကြည်အားထားရသည့် ကာလရှည် မိတ်ဖက်နိုင်ငံအဖြစ် အလေးထား ထုတ်ဖော်ပြောကြားခဲ့ပါကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် အာရှ-ပစိဖိတ်ဒေသကို ပိုမိုအလေးထားလာသည်နှင့်အမျှ တောင်အာရှဒေသ၊ အရှေ့တောင်အာရှဒေသတို့နှင့် ဆက်သွယ်ဆက်ဆံရာတွင် မြန်မာနိုင်ငံကို အထူးပြုလာနိုင်သည်ဟု မိမိအနေဖြင့် ပြောကြားလိုပါကြောင်း။

(၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် အစည်းအဝေးသို့ နိုင်ငံပေါင်း ၆၀ ကျော်မှ စီးပွားရေးဆိုင်ရာကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါကြောင်း၊ အစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်အနေဖြင့် ရုရှားအရှေ့ဖျားဒေသ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုအတွက် ယှဉ်ပြိုင်စွမ်းအား တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ပေးမည့် အခြေအနေများ၊ အထူးစီးပွားရေးဇုန်များ တည်ထောင်ထားပြီး အာရှနှင့် ပစိဖိတ်ဒေသမှ ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဆိပ်ကမ်းများကို ဆက်သွယ်ရေးနည်းပညာ အသုံးပြုပြီး အဆင့်မြှင့်တင်ကာ ကုန်စည်သင်္ဘောများ ချိတ်ဆက်သွားလာနိုင်မည့် ဆိပ်ကမ်းများ ပေါ်ပေါက်လာရေး ဆောင်ရွက်နေမှု အခြေအနေများ၊ အာရှနှင့် ဥရောပကို ချိတ်ဆက်ပေးမည့် မြောက်ပိုင်းပင်လယ်လမ်းကြောင်း တစ်ခုဖြစ်ပေါ်လာနိုင်ရေး ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ပါကြောင်း။

အဆိုပါဖိုရမ်တွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **“စားနပ်ရိက္ခာလုံခြုံရေး (Food Security)ကဏ္ဍတွင် မြန်မာနိုင်ငံ၏အရေးပါမှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းများ”** ဟူသော ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ပါကြောင်း၊ လူသားများ အသက်ရှင်နေထိုင်လှုပ်ရှား သွားလာရန် လိုအပ်သော စွမ်းအင်(Energy)ကို အစားအသောက်များမှ ရရှိခြင်းဖြစ်သည့် အားလျော်စွာ စားနပ်ရိက္ခာလုံခြုံမှုရှိရေး(Food Security)သည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သက်ရှိလူသားများအားလုံးအတွက် အခြေခံအကျဆုံးနှင့် အဓိက အကျဆုံး လိုအပ်ချက်တစ်ခု ဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် ပြည်တွင်း၌ မထုတ်လုပ်နိုင်သည့် စားသုံးကုန်များကို နိုင်ငံတကာဈေးကွက်မှ ဝယ်ယူတင်သွင်းမှုများ ပြုလုပ်လာကြသည့်အတွက် ဘဏ္ဍာရေးလုံခြုံမှု (Financial Security) သည် စားနပ်ရိက္ခာလုံခြုံရေး (Food Security) အပေါ် လွှမ်းမိုးလာလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ စားနပ်ရိက္ခာလုံခြုံရေး (Food Security) ဆိုရာတွင် အဓိကကျသည့် စိုက်ပျိုးရေးအတွက် လိုအပ်သည့် လောင်စာဆီ၊ ဓာတ်မြေဩဇာအပါအဝင် အထောက်အကူပြုပစ္စည်းများ ရောင်းဝယ်ရာတွင် အချို့နိုင်ငံများက ဘဏ္ဍာရေးလုံခြုံမှုနှင့် ယှဉ်တွဲကာဖြစ်လာသည့် ဒေါ်လာကို လက်နက်သဖွယ် အသုံးချလျက်ရှိသည့်အတွက် နိုင်ငံငယ်များသည် နိုင်ငံကြီးများ၏ ဒေါ်လာအနိုင်ကျင့်မှုခံနေရပြီး နိုင်ငံရေး၊ စီးပွားရေး ကိစ္စရပ်များတွင် နိုင်ငံကြီးများကို လွန်ဆန်နိုင်ခြင်း မရှိသည်ကို တွေ့ရှိရပါကြောင်း။

မိမိတို့အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းတွင် ဒေါ်လာသာမက ရူဘယ်၊ ယွမ်၊ ရူပီး စသည့်ငွေကြေးများကို ဒေါ်လာအစားထိုးအဖြစ် အသုံးပြုသွားနိုင်ရေး၊ တိုက်ရိုက်ကုန်စည်ဖလှယ်မှုစနစ် (Barter System)ကိုလည်း ဒေါ်လာအစားထိုး ဆောင်ရွက်နိုင်ပါက နိုင်ငံငယ်များအနေဖြင့် ငွေကြေးအနိုင်ကျင့်ခံရမှု အခက်အခဲကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်းကို ဆွေးနွေးခဲ့ပါကြောင်း၊ ဆွေးနွေးမှုခေါင်းစဉ်နှင့် လိုက်လျောညီစွာ ဆက်လက်ဆွေးနွေးရာတွင် အာဆီယံဒေသ၏ ကုန်သွယ်မှုတွင် စိုက်ပျိုးရေးထုတ်လုပ်မှု များစွာရှိခဲ့ကြောင်းနှင့် စိုက်ပျိုးထုတ်လုပ်မှုကို များစွာတိုးမြှင့်နိုင်ပါက



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေးမှု မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

စားနပ်ရိက္ခာလုံခြုံမှု(Food Security)ကို များစွာ အထောက်အကူပြုနိုင်ကြောင်းကို ဆွေးနွေးခဲ့ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ ဆွေးနွေးချက်သည် မဟာဗျူဟာမြောက်သည့် ဆွေးနွေးချက်ဖြစ်ပါကြောင်း၊ ကမ္ဘာတစ်ဝန်းကာလအလိုက် တိုးတက်လာမည့် လူဦးရေနှင့် စားနပ်ရိက္ခာလိုအပ်မှု (Demand) တိုးတက်လာနိုင်မှု၊ မြန်မာနိုင်ငံမှ ကမ္ဘာတစ်ဝန်းအတွက် စားနပ်ရိက္ခာလုံခြုံရေး(Food Security) အတွက် ဆောင်ရွက်ပေးနိုင်သည့် အခြေအနေ၊ မြန်မာနိုင်ငံအပါဝင် အာဆီယံဒေသမှ ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံရေး (Food Security) အတွက် အားဖြည့်ဆောင်ရွက်ပေးနိုင်မှုတို့ကို အများမြင်သာအောင် ဆွေးနွေးခဲ့ပါကြောင်း၊ အဆိုပါ ဆွေးနွေးမှုများနှင့် ပတ်သက်ပြီး ရုရှားနိုင်ငံတွင်ရှိသည့် မီဒီယာများမှ အကျယ်တဝင့်ဖော်ပြခဲ့သည်ကို တွေ့ရပါကြောင်း ပြောကြားသည်။

**မြန်မာနိုင်ငံသည် သမုဒ္ဒရာကြီးနှစ်ခုကို ပေါင်းကူးပေးရာတွင် အချက်အချာကျသည့်နေရာက တည်ရှိ**

ထို့အပြင် မြန်မာနိုင်ငံတည်ရှိသည့် အရှေ့တောင်အာရှဒေသသည် သဘာဝပထဝီဝင်အရ သမုဒ္ဒရာကြီးနှစ်ခုကို ဆက်သွယ်ပေါင်းကူးပေးရာတွင် အချက်အချာကျသည့်နေရာက တည်ရှိလျက်ရှိသည့်အားလျော်စွာ အင်ဒို- ပစိဖိတ်ဒေသကြီးတွင် အရေးပါသည့်နေရာက ပါဝင်လျက်ရှိပြီး အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (ASEAN) ၏ အဖွဲ့ဝင်နိုင်ငံများသည်လည်း ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက် များစွာအရေးပါပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများစွာရှိသည့် နိုင်ငံများအဖြစ် ရပ်တည်လျက်ရှိကြောင်းကို ဆွေးနွေးနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ အရေးပါမှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းနှင့် ပတ်သက်ပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ကမ်းလွန်ရေနံလုပ်ကွက် ၅၁ ကွက်သတ်မှတ်ထားကာ လုပ်ကွက် ရှစ်ကွက်တွင် သဘာဝဓာတ်ငွေ့များ တွေ့ရှိတူးဖော်ကာပြည်တွင်း၊ ပြည်ပကို တင်ပို့ရောင်းချလျက်ရှိပြီး လက်ရှိတွင်လည်း သဘာဝဓာတ်ငွေ့ နှစ်ထရီလီယံကုဗပေကျော် တွေ့ရှိထား၍ မကြာမီ စီးပွားဖြစ်ထုတ်ယူနိုင်မည်ဖြစ်ကြောင်း၊ ထို့ထက် ပိုမိုကြီးမားသည့် ဓာတ်ငွေ့သိုက်တစ်ခုကိုလည်း တူးဖော်နိုင်မည့် အလားအလာများ တွေ့ရှိရကြောင်းကို ပြောကြားခဲ့ပါကြောင်း၊ နောင်လာမည့် သုံးနှစ်အတွင်းတွင် မြန်မာနိုင်ငံအနေဖြင့် သဘာဝဓာတ်ငွေ့ကို အခြေခံသည့် စက်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စိတ်ပါဝင်စားသူများကို ဖိတ်ခေါ်နိုင်ခဲ့ပါကြောင်း၊ အဆိုပါဖိုရမ်သို့ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များကို မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍ၊ သတ္တုကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံတန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ စက်သုံးဆီသိုလှောင်ကန်နှင့် အခြားသောစွမ်းအင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ သတင်းအချက်အလက်နည်းပညာနှင့် ဆက်သွယ်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် ဘဏ္ဍာရေးလုပ်ငန်းကဏ္ဍများ၊အထည်ချုပ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်နိုင်ခဲ့ပါကြောင်း၊ အခြားပြည်ပကုန်သွယ်ရေးအတွက်ကိုလည်း အခွင့်အလမ်းများစွာ ပေးအပ်နိုင်စွမ်းရှိသည်ကို ပြောကြားခဲ့ပါကြောင်း။

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြား သံတမန်ဆက်ဆံမှုအပါအဝင် ကဏ္ဍပေါင်းစုံ ဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံသည် သဘာဝကပေးသည့် ရေမြေသယံဇာတ စိုက်ပျိုးမြေပေါများစွာရှိပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်နိုင်ငံဖြစ်ပါကြောင်း၊ စိတ်ပါဝင်စားသူ၊ ရင်းနှီးမြှုပ်နှံလိုသူများ များပြားကြောင်းလည်း ယင်းခရီးစဉ်တွင် ထင်ထင်ရှားရှားတွေ့ခဲ့ရပါကြောင်း၊ မြန်မာနိုင်ငံ UMFCCI က စီးပွားရေးလုပ်နေကြသည့် စီးပွားရေးလုပ်ငန်းရှင်များလည်း ပါဝင်ပါကြောင်း၊ ၎င်းတို့လည်း အရှေ့ဖျားစီးပွားရေးဖိုရမ်သာမက အခြားအစည်းအဝေးတစ်ခုကိုပါ တက်နိုင်ခဲ့ပြီး များစွာဆွေးနွေးနိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ခရီးစဉ်တစ်လျှောက်လုံးတွင် စီးပွားရေးလုပ်ငန်းရှင်များ၊ နည်းပညာကုမ္ပဏီအနေဖြင့်လည်း စိတ်ပါဝင်စားမှုနှင့် ရင်းနှီးမြှုပ်နှံလိုသည်များ များစွာရှိကြောင်းကို တွေ့ရပါကြောင်း၊ ယင်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများ တွေ့ရပါကြောင်း၊ မိမိတို့ နိုင်ငံသူနိုင်ငံသားများအနေဖြင့် ညီညွတ်ရန်နှင့် ကြိုးစားရန်လိုပါကြောင်း။

**အရှေ့ပိုင်းတွင် အကြီးဆုံးဆိပ်ကမ်းတစ်ခုဖြစ်**

မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၅ ရက်တွင် ဗလာဒီဗော့စတော့ခ်မြို့ရှိ ရေတပ်လေ့ကျင့်ရေးသင်တန်းကျောင်း၊ အရှေ့ဖျားရေငုပ်သင်္ဘောဌာနချုပ်နှင့် ဗလာဒီဗော့စတော့ခ် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ သွားရောက်လေ့လာခဲ့ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ သွားရောက်လေ့လာရာတွင် ယင်းဆိပ်ကမ်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အရှေ့ပိုင်းတွင် အကြီးဆုံးဆိပ်ကမ်း တစ်ခုဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံ၏ ရည်မှန်းချက်သည် ယင်းဆိပ်ကမ်းကို အသုံးပြုပြီး အာရှ-အရှေ့တောင်အာရှဒေသတွင် ဆက်သွယ်ရေး၊ ကုန်သွယ်ရေးတိုးချဲ့ရန်အတွက် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ပါဝင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တည်းခိုသည့် နေရာအတွင်းရှိ Medical School နှင့် Medical Center တို့ကို သွားရောက်လေ့လာခဲ့ပါကြောင်း၊ ဆေးပညာရပ်ဆိုင်ရာ သင်ကြားလေ့ကျင့်မှုများကို လေ့လာခွင့်ရသကဲ့သို့ မြန်မာနိုင်ငံမှ သင်တန်းသားများ စေလွှတ်သင်ကြားနိုင်ရေးနှင့် ပတ်သက်သည့် အခြေအနေများ၊ အဆင့်မြင့် ဆေးပညာရပ်တက်ရောက်သင်ကြားနိုင်မည့် အခြေအနေများ၊ သင်တန်းသားများ လာရောက်တက်ရောက်လျှင် ရရှိနိုင်မည့် အခွင့်အလမ်းများ၊ ဆေးတက္ကသိုလ်နှင့် ဆေးရုံအချင်းချင်း ဆေးပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ပါကြောင်း။

ဆက်လက်ပြီး စက်တင်ဘာ ၆ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးဖိုရမ်ဖြစ်မြောက်ရေးကော်မတီ အထူးအတွင်းရေးမှူးနှင့် တွေ့ဆုံခဲ့ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ သတင်းအေဂျင်စီတစ်ခုနှင့် တွေ့ဆုံခဲ့ပါကြောင်း၊ RIA သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းမှုတွင် အာရှ-ပစိဖိတ်ဆိုင်ရာ လုံခြုံရေးဆိုင်ရာ သဘောထားအမြင်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် ရုရှား-မြန်မာပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် အခြားသိရှိလိုသည်များကို ရှင်းလင်းပြောကြားခဲ့ပါကြောင်း။

**သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုး**

ထို့ပြင် ဖိုရမ်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများဖြစ်သော လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးပြခန်း၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြခန်းနှင့် ရုရှားနိုင်ငံ လေကြောင်းပြခန်းတို့ကို ရောက်ရှိခဲ့ပါကြောင်း၊ ရုရှားနိုင်ငံပိုင် အဏုမြူကော်ပိုရေးရှင်း အမှုဆောင် အရာရှိချုပ်နှင့် အဖွဲ့ဝင်များကို တွေ့ဆုံခဲ့ပါကြောင်း၊ နျူကလီးယားစွမ်းအင် နည်းပညာပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များတွင် အတွေ့အကြုံနှင့် နည်းပညာများကို လေ့လာခွင့် ရရှိနိုင်မည့် အခြေအနေများနှင့် နှစ်နိုင်ငံပြည်သူလူထု အကျိုးရှိစေနိုင်မည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နျူကလီးယားစွမ်းအင်ကို နိုင်ငံသူ နိုင်ငံသားများ၏ လူမှုဘဝ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းစွာ အသုံးပြုနိုင်ရန် ပူးပေါင်းဆောင်ရွက်မှုအတွက် လုပ်ငန်းစဉ်များ၊ နျူကလီးယားစွမ်းအင်ကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကဲ့သို့သော လုပ်ငန်းအပါအဝင် သိပ္ပံနှင့် သုတေသနစမ်းသပ်ခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်း၊ စက်မှုကဏ္ဍနှင့် ကဏ္ဍပေါင်းစုံတွင် အကျိုးရှိစွာအသုံးပြု ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့နှင့် ရုရှားနိုင်ငံပိုင် အဏုမြူကော်ပိုရေးရှင်းတို့အကြား ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်ဆိုင်ရာ သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကို ဆောင်ရွက်ခဲ့ကြပါကြောင်း ပြောကြားသည်။

ထို့ပြင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်နှင့် ဒေါက်တာကံဇော်တို့သည် Russia-ASEAN Business Dialogue သို့ တက်ရောက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြည်နယ်များ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အမှုဆောင်အရာရှိချုပ်တို့ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအကြောင်းအရာကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည် ကျန်းမာရေးစနစ်တွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် ထိုအခက်အခဲများကို ကျော်ဖြတ်ရန် ကြိုးပမ်းမှုများ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ဖိုရမ်အတွင်းရှိ

*စာမျက်နှာ ၁၈ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်မှတ်တမ်းဓာတ်ပုံများ။

- **မြန်မာနိုင်ငံတွင် အာကာသနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အတွေ့အကြုံများ၊ အကြံပြုချက်များ၊ နည်းပညာ ဆိုင်ရာများနှင့် လူသားအရင်းအမြစ် မွေးထုတ်ရေးဆိုင်ရာ တို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကူညီဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံနည်းပညာရပ်ပိုင်းဆိုင်ရာ ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Ulan-Ude မြို့ ဘူတာရုံမှတစ်ဆင့် Irkutsk ပြည်နယ်သို့ သီးသန့်အထူးရထားခရီးစဉ်ဖြင့် သွားရောက်ရာ ပို့ဆောင်သူများအား နှုတ်ဆက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Irkutsk မြို့၊ Passazhirskiy ဘူတာရုံသို့ ရောက်ရှိကြရာ Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Mr.Igor Ivanovich Kobzev က လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်စဉ်။

*စာမျက်နှာ ၁၇ မှ*

Strategic Technical Alliance တွင် ပါဝင်တက်ရောက်ခဲ့ခြင်းများနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ဗလာဒီဗော့စတော့ခ်မြို့ FEFU Campus ၌ ကျင်းပပြုလုပ်သည့် 2nd International Tiger Conservation Forum သို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ကျားထိန်းသိမ်းရေးဆောင်ရွက်မည့် အစီအမံဆိုင်ရာ အကြောင်းအရာများနှင့် ပတ်သက်ပြီး ဆွေးနွေးပြောကြားခဲ့ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ သတ္တုလုပ်ငန်းများကို စိတ်ဝင်စားသည့် ရုရှားစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ မိမိအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် Sputncik News Agency နှင့် မြဝတီရုပ်မြင်သံကြားတို့အကြား နှစ်ဖက်သဘောတူညီမှုဆိုင်ရာ စာချွန်လွှာတစ်ရပ်ကို အတည်ပြုလက်မှတ်ရေးထိုးမှုတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး စက်တင်ဘာ ၉ ရက်တွင် ဗလာဂါဗြဲရှပ်မြို့ရှိ အာကာသယာဉ် လွှတ်တင်ရေးစခန်းသို့ သွားရောက်လေ့လာခဲ့ပါကြောင်း၊ အာကာသယာဉ် လွှတ်တင်ရေးစင်နှစ်ခုကို သွားရောက်လေ့လာခဲ့ပါကြောင်း၊ ဒုံးပျံများတပ်ဆင်ထုတ်လုပ်ရေးအလုပ်ရုံနှင့် ဂြိုဟ်တုထုတ်လုပ်ရေးအလုပ်ရုံအတွင်း လိုက်လံလေ့လာခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အတွေ့အကြုံများ၊ အကြံပြုချက်များ၊ နည်းပညာဆိုင်ရာများနှင့် လူသားအရင်းအမြစ်မွေးထုတ်ရေးဆိုင်ရာတို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကူညီဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံနည်းပညာရပ်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့ပါကြောင်း။

### ရထားသီးသန့်ဆောင်ရွက်ပေးပြီး မြန်မာနိုင်ငံခေါင်းဆောင်အပေါ် အလေးအနက်ထားကြောင်း ဖော်ပြ

ဆက်လက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Republic of Buryatia ပြည်နယ်၊ Ulan-Ude မြို့ကို ရောက်ရှိပြီး ရုရှားသိပ္ပံအကယ်ဒမီ၊ မွန်ဂို၊ တိဗက်နှင့် ဗုဒ္ဓဘာသာ လေ့လာရေးအင်စတီကျု ဆိုက်ဘေးရီးယားဌာနခွဲ၊ ချူကလီးယားဆေးဘက်ဆိုင်ရာစင်တာ၊ ရထားစက်ခေါင်းပြင်ဆင်ရေးအလုပ်ရုံတို့သို့ သွားရောက်လေ့လာခဲ့ပါကြောင်း၊ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာနိုင်ငံ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် Ulan-Ude မြို့ အီကုစ်ပြည်နယ်သို့ သီးသန့် အထူးရထားခရီးစဉ်ဖြင့် သွားရောက်ခဲ့ပါကြောင်း၊ လမ်းခရီးကြာမြင့်ချိန် ၆ နာရီခန့်ကြာပါကြောင်း၊ အဆိုပါ သီးသန့်ရထားသည် ရုရှားနိုင်ငံရှိ နိုင်ငံ့အကြီးအကဲများ သီးသန့်စီးနင်းရန်အတွက် စီစဉ်ထားသည့် ရထားဖြစ်ပြီး မြန်မာနိုင်ငံ၏ နိုင်ငံ့အကြီးအကဲ ခရီးစဉ်အတွက် မော်စကိုမြို့မှ တိုက်ရိုက်စေလွှတ်ပြီး ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ နှစ်နိုင်ငံခရီးစဉ်တစ်လျှောက်လုံး အလေးပေးမှု၊ အလေးထားမှုကို တွေ့ရပါကြောင်း၊ ရုရှားနိုင်ငံ မော်စကိုမြို့နှင့် Ulan-Ude မြို့တို့သည် အလွန်ဝေးကွာသည့် ခရီးဖြစ်ပါကြောင်း၊ အကြီးအကဲများစီးသည့် ရထားကို သီးသန့်စီစဉ်ပြီး ခရီးစဉ်ကို သီးသန့်ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံခေါင်းဆောင်အပေါ် အလေးအနက်ထားကြောင်း ဖော်ပြမှုကို တွေ့ရပါကြောင်း၊** မီးရထားလမ်းကြောင်းနည်းပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာခဲ့ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲများနှင့် တွေ့ဆုံခဲ့ပါကြောင်း၊ အီကုစ်ပြည်နယ် အီကုစ်မြို့ရှိ လေယာဉ်ထုတ်လုပ်ရေးစက်ရုံတွင် လေယာဉ်ကြီးများ ထုတ်လုပ်တပ်ဆင်နေမှုအခြေအနေများကို လေ့လာခဲ့ပါကြောင်း၊ မြန်မာ့တပ်မတော်အတွက် ထုတ်လုပ်လျက်ရှိသည့် Su-30 တိုက်ခိုက်ရေးလေယာဉ်များ ထုတ်လုပ်တပ်ဆင်နေမှုနှင့် လေ့ကျင့်စမ်းသပ်နေမှုများကို လေ့လာကြည့်ရှုခဲ့ပါကြောင်း၊ Su-30 လေယာဉ်သည် ခေတ်မီလေယာဉ်တစ်စင်းဖြစ်ပါကြောင်း၊ ယင်းခေတ်မီလေယာဉ်ကို မြန်မာနိုင်ငံအနေဖြင့် လေ့ကျင့်သင်ကြားပြီးဖြစ်ပါကြောင်း၊ မကြာမီ အပြည့်အစုံ ရောက်ရှိလာမည်ဖြစ်ပါကြောင်း၊ ယင်းပြည်နယ်သည် ရုရှားနိုင်ငံ၏ အလယ်ဗဟိုချက်မဖြစ်ပြီး အရေးပါသည့် ပြည်နယ်တစ်ခုလည်းဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံရှိ ကုန်ထုတ်လုပ်မှုအကြီးစားစက်ရုံ အများအပြားသည် ယင်းပြည်နယ်တွင်ရှိပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၈၀၀၀ ကျော် လည်ပတ်လျက်ရှိပါကြောင်း၊ ခရီးစဉ်ကာလအတွင်း မြန်မာနိုင်ငံနှင့် ယင်းပြည်နယ်တို့အကြား မဟာဗျူဟာမြောက် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ကျန်းမာရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာ၊ စိုက်ပျိုးမွေးမြူရေး စသည့်အခြေအနေများကို ဆွေးနွေးခဲ့ပါကြောင်း။

ခရီးစဉ်တွင် Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ အဆိုပါခရီးစဉ်တွင် ရုရှား-မြန်မာနှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို တိုးမြှင့်ဆောင်ရွက်ရန်တို့အတွက် အကျိုးများစွာရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်အတွက် အရေးပါသည့် အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုနိုင်ရေးနှင့် အာကာသနည်းပညာတို့နှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေးများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခု ခရီးစဉ်သည် မျှော်လင့်ထားသည်ထက် ပိုမိုအောင်မြင်ခဲ့သည့် ခရီးစဉ်တစ်ခုဖြစ်ကြောင်း၊ ယခုခရီးစဉ်၏ အောင်မြင်မှုနှင့် မြန်မာနိုင်ငံအစိုးရ၏ ဂုဏ်သိက္ခာမြင့်မားမှုတို့ကို ရုရှားနိုင်ငံမှ မီဒီယာများနှင့် မိမိတို့နိုင်ငံမှ မီဒီယာများမှတစ်ဆင့် တိုင်းရင်းသားလုပ်သား ပြည်သူအားလုံး မျက်ဝါးထင်ထင် တွေ့မြင်ရပြီးဖြစ်ကြောင်း၊ ရုရှားနိုင်ငံသမ္မတကြီးနှင့် တွေ့ဆုံရာတွင်လည်း မိမိတို့နိုင်ငံဝန်ကြီးချုပ်ကို နှုတ်ဆက်ခဲ့သည့် နှုတ်ဆက်စကားထဲ၌ပင် အဓိပ္ပာယ်ပြည့်ဝစွာ ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ တွေ့ဆုံခဲ့သည့် ငါးမိနစ်စာခန့်ရှိသည့် Video File ကို မိမိတို့နိုင်ငံမှ မီဒီယာများထံသို့ အချိန်မီ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း၊ မီဒီယာများကလည်း အချိန်မီ ဖြန့်ဖြူးပေးခဲ့ကြကြောင်း၊ ထို့အတွက် အားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ခရီးစဉ်အပြန်တွင်လည်း ပြည်သူလူထုက ဝမ်းပန်းတသာကြိုဆိုကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာကိုတန်ဖိုးထားသည့်၊ မြန်မာ့ဂုဏ်ကို အလေးထားသည့်၊ မြန်မာကိုချစ်သည့် ပြည်သူလူထုကို မိမိတို့အစိုးရအနေဖြင့် အလေးထားဂုဏ်ယူကျေးဇူးတင်ပါသည်ဟု ပြောကြားလိုကြောင်း၊ ယခုကဲ့သို့ အောင်မြင်မှုရရှိရန်အတွက် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် နှစ်ပေါင်းများစွာ ပြင်ဆင်တည်ဆောက်ခဲ့ရကြောင်း၊ ခရီးစဉ်ကာလအတွင်း၌ နေ့စဉ်အချိန်တိုင်းအစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး အသေးစိတ်ဆွေးနွေး ညှိနှိုင်းခဲ့ရကြောင်း၊ အနားယူချိန်မရှိသလောက်ပင်ဖြစ်ကြောင်း၊ ယခင်ကတည်းက တည်ဆောက်ခဲ့သည့် မဟာဗျူဟာအမြင်ဖြင့် လုပ်ဆောင်ချက်များနှင့် လက်ရှိအခြေအနေအပေါ် မှန်ကန်စွာ သုံးသပ်ဆုံးဖြတ်တတ်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လုပ်ဆောင်ချက်များသည် မြန်မာနိုင်ငံနှင့် ပြည်သူလူထု၏ ဂုဏ်သိက္ခာနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဒုတိယအချက်အနေဖြင့် **ငွေကြေးဆိုင်ရာကိစ္စရပ်များ**ကို တင်ပြလိုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် စတင်တာဝန်ယူကာလကစပြီး စီးပွားရေးဦးတည်ချက် (၃)ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့သကဲ့သို့ ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်နစ်နာမည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရန် အတားအဆီးများကြားက ဆောင်ရွက်နေရပါကြောင်း၊ မျိုးစုံသောဖိအားများနှင့် မျိုးစုံသောအတားအဆီးများကြားမှ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်တွေ့ကျမည့် နည်းလမ်းပေါင်းစုံကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အပိုင်းကလည်း ရွှေနှင့် ငွေကြေးဈေးနှုန်းတည်ငြိမ်စေရန်အတွက် ရွှေနှင့် ငွေကြေးဈေးကွက်၊ စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်လမ်းညွှန်မှုများနှင့်အညီ ရွှေဈေးကွက်အတွင်း အရောင်းအဝယ်များအား ဘဏ်ငွေစာရင်းများ အသုံးပြု၍ ပေးချေနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း ပြောကြားသည်။

ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများက ပြည်တွင်းကို ပြန်လည်လွှဲပို့လာသည့် လုပ်ခနှင့်လစာများကိုလည်း မိမိကိုယ်တိုင်အတွက် သုံးစွဲခြင်း၊ အခြားသူများကို ရောင်းချခြင်း၊ AD လိုင်စင်ရဘဏ်များသို့ ရောင်းချခြင်းတို့ကို လွတ်လပ်စွာ ဆောင်ရွက်နိုင်သည်ဟုလည်း ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ ငွေလွှဲငွေပို့ခြင်းလုပ်ငန်းများဖြင့် စီးပွားဖြစ်နေကြသူများလည်းရှိကြောင်း၊ ၎င်းတို့၏ လှုံ့ဆော်မှုများကိုလည်း တွေ့ရကြောင်း၊ ဘဏ်များမှ ငွေလွှဲပါက အသိမ်းခံရမည်၊ ဈေးနှုန်းအနိမ့်ဆုံးဖြင့် လဲလှယ်ခြင်းခံရမည်ဟု လှုံ့ဆော်ခဲ့ကြသည်ကိုလည်း တွေ့ရကြောင်း၊ လက်တွေ့လုပ်ဆောင်ရာတွင် အမှန်တကယ်မဟုတ်သည်ကိုလည်း အားလုံးသိပြီးဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ အချို့ဘဏ်များဆိုပါက မြန်မာနိုင်ငံပြင်ပတွင် လုပ်ကိုင်နေကြသည့် သင်္ဘောသားများနှင့် ပတ်သက်ပြီး ဘဏ်စာရင်းများဖွင့်လှစ်ပေးခြင်းနှင့် မည်ကဲ့သို့လုပ်ဆောင်မည်ဟု ကြေညာခဲ့ကြသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊ ဘဏ်များကို ရောင်းချခိုင်းခြင်းသာမကဘဲ မိမိကိုယ်တိုင် သုံးစွဲခြင်းနှင့် အခြားသူများကို ရောင်းချခြင်းတို့ကို ဆောင်ရွက်နိုင်သည်ဟု ထပ်မံအသိပေးလိုကြောင်း ပြောကြားသည်။ *(ဆက်လက်ဖော်ပြပါမည်)*

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၉၅ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၅ | ၂၃၄၀ | ၂၃၆၅ | ၂၃၅၀ | ၂၃၂၅ | ၂၄၂၀ | ၂၄၃၅ | ၂၃၃၅ | ၂၃၄၀ | ၂၃၇၅ | ၂၃၇၅ | ၂၃၈၀ | ၂၆၀၀ | ၃၀၀၅ |
| 95 Ron | ၂၃၇၅ | ၂၄၂၀ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၀ | ၂၄၄၀ | ၂၄၃၀ | ၂၄၀၅ | ၂၅၀၀ | ၂၅၁၅ | ၂၄၁၅ | ၂၄၃၀ | ၂၄၅၅ | ၂၄၅၅ | ၂၄၆၀ | ၂၆၈၀ | ၃၀၉၅ |
| HSD (500 ppm) | ၂၇၉၀ | ၂၈၄၀ | ၂၈၃၅ | ၂၈၀၀ | ၂၈၃၅ | ၂၈၆၀ | ၂၈၅၅ | ၂၈၂၅ | ၂၉၃၅ | ၂၉၃၀ | ၂၈၃၀ | ၂၈၄၀ | ၂၈၇၀ | ၂၈၇၅ | ၂၈၇၅ | ၃၀၉၅ | ၃၇၁၀ |
| HSD (50 ppm) | ၂၈၇၅ | ၂၉၂၅ | ၂၉၂၀ | ၂၈၈၅ | ၂၉၂၀ | ၂၉၄၅ | ၂၉၄၀ | ၂၉၁၀ | ၃၀၂၀ | ၃၀၁၅ | ၂၉၁၅ | ၂၉၂၅ | ၂၉၅၅ | ၂၉၆၀ | ၂၉၆၀ | ၃၁၈၀ | ၃၇၄၅ |
| HSD (10 ppm) | ၂၈၇၅ | ၂၉၂၅ | ၂၉၂၀ | ၂၈၈၅ | ၂၉၂၀ | ၂၉၄၅ | ၂၉၄၀ | ၂၉၁၀ | ၃၀၂၀ | ၃၀၁၅ | ၂၉၁၅ | ၂၉၂၅ | ၂၉၅၅ | ၂၉၆၀ | ၂၉၆၀ | ၃၁၈၀ | ၃၇၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၈၈ | ၂၂၆၆ |
| 95 Ron | ၂၂၆၆ | ၂၃၄၄ |
| HSD (500 ppm) | ၂၆၇၂ | ၂၇၅၅ |
| HSD (50 ppm) | ၂၇၅၂ | ၂၈၃၇ |
| HSD (10 ppm) | ၂၇၅၂ | ၂၈၃၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ မြို့မဈေးရှိ ဈေးဆိုင်များအား မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ပင်းတယ စက်တင်ဘာ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ မြို့မဈေးရှိ ဈေးဆိုင်များအား မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခြင်းကို ယမန့်နေ့ နံနက်ပိုင်းက မြို့နယ်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင် အရာရှိ ဦးစည်သူဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မိမိတို့၏ ဈေးဆိုင်ခန်းတွင် မီးသတ်ဆေးဘူးများထားရှိရန်၊ လျှပ်စစ်ဝိုင်ယာကြိုးများ ဟောင်းနွမ်းပျက်စီးနေပါက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အသစ်လဲလှယ်တပ်ဆင် အသုံးပြုရန် မိမိတို့ဈေးဆိုင်ခန်းအတွင်းရှိ မီးခလုတ်များကို ညနေဈေးပိတ် ချိန်၌ ပိတ်ထားခဲ့ရန်၊ မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေး အထူးဂရုစိုက်ရန်၊ မီးဘေးမပေါ့ဆကြရန်၊ ဈေးဆိုင်များတွင် မီးချိတ်၊ မီးကပ်၊ သဲပုံးနှင့် ရေပုံးများ ထားရှိရေးတို့အတွက် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။ **ပင်းတယ(မြန်/ဆက်)**




❂ *ကျောဖုံးမှ*

ယာဉ်နောက်လိုက် ဖော်လွင် (ဘ) ဦးမြင့်လွင်နှင့် ကော့သောင်းမြို့မှ ခရီးသည် ကျား လေးဦး၊ မ တစ်ဦး၊ ပေါင်း ငါးဦး လိုက်ပါလာသည့် ယူတင်အိုအေစစ် အမည်ရှိ ခရီးသည်တင် Townace အမျိုးအစားယာဉ်အား ထားဝယ်-မြိတ် ကားလမ်း မိုင်တိုင်အမှတ် ၁၀၂ နှင့် ၁၀၃ အကြားတွင် PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်း တစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း သိရသည်။ အကြမ်းဖက်သမားများ၏ ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ယာဉ်အနည်းငယ်ထိခိုက်ပျက်စီးခဲ့ပြီး ယာဉ်မောင်းဖြစ်သူ အောင်ဌေးနှင့် ခရီးသည် မခက်ခက်လှိုင်(ဘ) ဦးတင်ဝင်းတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် မြိတ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူလျက်ရှိသည်။

အများပြည်သူသွားလာ အသုံးပြုလျက်ရှိသည့် လမ်းမကြီးများပေါ်တွင် သွားလာလျက်ရှိသည့် ယာဉ်များအား အကြောင်းမဲ့ မိုင်းဖောက်ခွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်မှုလုပ်ရပ် ကျူးလွန်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ကော့သောင်းမြို့မှ ထားဝယ်မြို့သို့ မောင်းနှင်လာသော ယူတင်အိုအေစစ် အမည်ရှိ ခရီးသည်တင် Townace အမျိုးအစားယာဉ်အား ထားဝယ်-မြိတ် လမ်းမပေါ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဖောက်ခွဲတိုက်ခိုက်မှု နေရာပြပုံ။




❍ *ကျောဖုံးမှ*

ဆွဲယူသွားသည်ကို သိရှိသဖြင့် အဖွားအိုမှ ကျိန်ဆဲလိုက်သည့်အခါတွင် နဂါးကြီးအား မိုးကြိုးသုံးချက်ပစ်ခဲ့ပြီး နဂါးကြီးမှာမြစ်အတွင်းမှနေ၍ ကုန်းပေါ်သို့ တက်ပြေးရာ ယခုတည်ရှိရာ နေရာအရောက်တွင် နောက်ဆုံးအချက်ထိမှန်ပြီး သေဆုံးသွားရာမှ နဂါး၏ အရိုးစုသည် ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ် ယခုအချိန်အထိ ဖြစ်တည်လျက်ရှိကြောင်း ဒေသခံပြည်သူများ ပြောပြချက်အရ သိရသည်။

**နဂါးပုံသဏ္ဍာန်ဖြစ်ပေါ်နေ**

ယခုလက်ရှိတွေ့ရှိရသော ကျောက်နဂါးသည် အလျားပေ ၁၃၀ ခန့် ရှည်လျား၍ လုံးပတ်ခြောက်ပေခန့် မြေပေါ် ပေါ်လျက်ရှိပြီး ယခင်က ကျောကုန်းပေါ်တွင် အရောင်လက်သော လကျီးကျောက်များ ကြေးခဲကဲ့သို့ ကပ်လျက်ရှိပြီး လာရောက်ကြည့်ရှုလည်ပတ်သူများ ခွာယူခဲ့ကြသည့်အတွက် ယခုမမြင်တွေ့ရခြင်းဖြစ်သည်ဟု သိရသည်။ ဘူမိဗေဒပညာရှင်များကမူ ယင်းကျောက်နဂါးသည် လျှောင်လှုပ်ခါမှုကြောင့် ကျောက်လွှာများတွန့်ခေါက်ပြီး ဖြစ်ပေါ်လာသည့် လွှာစဉ်ဆက်ပြတ် တစ်ခုသာဖြစ်ပြီး နဂါးပုံသဏ္ဍာန်ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း မြို့နယ်သမိုင်းမှတ်တမ်းများအရ သိရသည်။

**မြို့နယ်(မြန်/ဆက်)**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်း၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



နေပြည်တော် စက်တင်ဘာ ၂၁

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။**

ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကို ပြုလုပ်ရာ နေပြည်တော် တိုင်းစစ်ဌာနချုပ်၊ တပ်ကုန်းတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူနှင့် ၎င်း၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော တပ်ကုန်းမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသားတစ်ဦးကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးသည်။

PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## “တူယှဉ်နွဲ့ပျော်ဂီတပွဲတော်” သီချင်းဆိုပြိုင်ပွဲ Season–2 အုပ်စု(ခ) ပွဲစဉ်(၄)ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

**နေပြည်တော် စက်တင်ဘာ ၂၁**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “တူယှဉ်နွဲ့ပျော်ဂီတပွဲတော်” Season–2 သီချင်းဆိုပြိုင်ပွဲကို ပွဲစဉ်(၁၈)ပွဲဖြင့် စက်တင်ဘာ ၂ ရက်မှ စတင်ပြီး အပတ်စဉ် သောကြာနေ့ ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအဖြစ် ထပ်ဆင့်အကယ်ဒမီချိုပြုံး၊ စန္ဒရားမျိုးနိုင်နှင့် တေးသံရှင် ခိုင်ဝါတို့က ဆောင်ရွက်ကြမည်ဖြစ်ပြီး မြန်မာ့အသံ တေးဂီတအဖွဲ့နှင့် တွဲဖက်၍ သရုပ်ဆောင်/တေးသံရှင်များဖြစ်ကြသည့် ဝေလျှံနှင့် သဉ္ဇာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ် ဆောင်ရွက်ကြမည်ဖြစ်သည် ။

ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင် သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ ပြိုင်ပွဲ၏ ပွဲစဉ်(၄) ပထမဆင့် (Level –1) အုပ်စု(ခ) ပွဲစဉ်ကို စက်တင်ဘာ ၂၃ ရက် သောကြာနေ့ညတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ကချင်ပြည်နယ်မှ ထင်ဖေးအောင်၊ ရခိုင်ပြည်နယ်မှ ပန်းအိန္ဒယ်၊ ပဲခူးတိုင်းဒေသကြီးမှ မြတ်ကေခိုင်၊ ချင်းပြည်နယ်မှ မြင့်မြတ်သူ၊ မွန်ပြည်နယ်မှ အေးသက်ထားဇော်၊ မန္တလေးတိုင်းဒေသကြီးမှ သုနှင်းစံ၊ မကွေးတိုင်းဒေသကြီးမှ မြတ်နိုးစံ၊ ရှမ်းပြည်နယ်မှ အိုင်းစံနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ထွန်းပပအောင် စုစုပေါင်း ပြိုင်ပွဲဝင် ကိုးဦးတို့၏ စိတ်ကြိုက်တေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြပုံများကို ယင်းနေ့ည ၈ နာရီသတင်းများအပြီးတွင် MRTV – HD မှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့တင်ဆက်မှုကို စက်တင်ဘာ ၂၅ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခန့်တွင် ပြန်လည်ပြသမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကလေးမြို့၌ စပါးခင်းများတွင်ကျရောက်နိုင်သော ပိုးမွှားအန္တရာယ်မှ ကာကွယ်နှိမ်နင်းနိုင်ရန် ပိုးသတ်ဆေးများထောက်ပံ့ပေးအပ်

**ကလေး စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ စပါးမျိုးကောင်းမျိုးသန့်များ ရရှိစေရန်နှင့် စိုက်ပျိုးပြီးသော စိုက်ခင်းများကို ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ အချိန်ကိုက် အချိုးညီမျှစွာ သုံးစွဲတတ်စေရန် နည်းပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ကျောင်းတိုက်စံပြကျေးရွာ အုပ်စု ကွင်းအမှတ် (၈၃၀) တွင် ပိုးသတ်ဆေးများ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်နှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးနိုင်ထွန်းဝင်းတို့က တောင်သူများအား မျိုးကောင်းမျိုးသန့်များ စိုက်ပျိုး ထုတ်လုပ်နိုင်စေရန်၊ စိုက်ပျိုးမြေသုံးစွဲနည်း၊ သဘာဝပိုးသတ်ဆေးရည်ပြုလုပ်သုံးစွဲနည်းများ၊ ဘေးအန္တရာယ်ကင်းရှင်းသော လယ်ယာထုတ်ကုန်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆွေးနွေးသည်။

ထို့နောက် ကလေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပိုးကျလယ်ပိုင်ရှင် တောင်သူများထံ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့သော ပိုးသတ်ဆေးများကို ပေးအပ်သည်။



ကလေးမြို့နယ်၌ မိုးစပါး စိုက်ဧကပေါင်း ၁၂၆၄၁၂ ဧကရှိရာ ပိုးကျဧကပေါင်း ၆၀၆ ဧက ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## သုတဝေဖြာသိရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ်၊ လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

**နေပြည်တော် စက်တင်ဘာ ၂၁**

သုတဝေဖြာသိရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၈၄)ကို စက်တင်ဘာ ၂၃ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် မိုးဂျူလိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို စက်တင်ဘာ ၂၃၊ ၂၄ ရက်နှင့် ၂၅ ရက်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## “(၃၈)ဖြာ မင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

**နေပြည်တော် စက်တင်ဘာ ၂၁**

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာဗဟုသုတ တိုးပွားစေရန်အပြင် ဇာတ်သဘင် ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် “(၃၈)ဖြာ မင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်မှ စတင်၍ အပတ်စဉ် စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ (၃၈)ဖြာမင်္ဂလာအစီအစဉ်များအနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာပါဝင်သည့် သုဘာသိတာ စ ယာဝါစာ (အကြောင်းသုံးပါး ညီညွတ်အောင် ပြောဆိုတတ်ခြင်း)နှင့် နိဗ္ဗာန သစ္ဆိကိရိယာ စ (အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း) အစီအစဉ်ကို စက်တင်ဘာ ၂၄ ရက် (စနေနေ့) ည ၉ နာရီတွင် ဆက်လက်ပြသမည် ဖြစ်သည်။

ယင်းအစီအစဉ်တွင် ရွှေနန်းတင်မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်မူဝံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ခေးကို၊ ရန်ရှင်းမောင်၊ ထက်မြတ်အောင်၊ ဓာတ်လင်း၊ ဖွေးဖွေး၊ အိချောဖြူ၊ ပန်းကဗျာနှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များ ပါဝင်တင်ဆက်ကြမည် ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို စက်တင်ဘာ ၂၈ ရက် (ဗုဒ္ဓဟူးနေ့)နှင့် စက်တင်ဘာ ၂၉ ရက် (ကြာသပတေးနေ့)များတွင် ညနေ ၆ နာရီ သတင်းအပြီး၌ ယင်းအစီအစဉ်များကို တစ်ပိုင်းစီခွဲခြား၍ ပြန်လည်ပြသမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျန်ရစ်သူမိသားစုဝင်များ သိရှိစေရန် ကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က အမျိုးသားစာပေ တစ်သက်တာဆုရှင်များ၏ စာပေလက်ရာများအနက် လက်ရှိခေတ်အခြေအနေကို ထင်ဟပ်ပြီး မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားဖြစ်ထွန်းစေမည့် စာအုပ်စာစောင်များကို ပြန်လည်ထုတ်ဝေရန် ဆောင်ရွက်လျက်ရှိရာ ဆရာမကြီး စောမုံညင်း၏ “မြန်မာအမျိုးသမီး ဆင်ယင် ထုံးဖွဲ့မှု” စာအုပ်ကို ပြန်လည်ထုတ်ဝေရန် စီစဉ်ထားပါသည်။ သို့ဖြစ်ပါ၍ ဆရာမကြီး၏ မူပိုင်ခွင့်ဆက်ခံရရှိသူများအနေနှင့် ကန့်ကွက်ရန်ရှိပါက စာပေဗိမာန်သို့ လူကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ဖုန်း ၀၁၈ ၂၄၀၀၄၈ သို့ဖြစ်စေ ကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ဆက်သွယ်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စာပေဗိမာန်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်(၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၆၉ ဆူ | ၃၅၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ (၁) တိုင်) | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၈ တိုင် | ၁၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၅၀ တိုင် | ၃၀ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၈ ခု | ၅၄၄ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၄၅ ကျင်း | ၂၀၇၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၀ ကျင်း | ၁၉၇. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းကျင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၇ ကျင်း | ၅၈၉၃. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၅ ကျင်း | ၁၆၁၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | | | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၆၃ စုံ | ၄၃၇ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

### ပိဋကတ်ကျောက်စာဓမ္မစေတီတော်

| စဉ် | အမည် | မြို့ | အလှူငွေ (ကျပ်) |
|---|---|---|---|
| ၃၀၂၂။ | မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အရာထမ်းများ/အမှုထမ်းများ (ဓမ္မစေတီတော်-၁ ဆူ) | နေပြည်တော် | ၂၇၉၀၀၀၀၀ |
| ၃၀၂၃။ | ဗိုလ်ချုပ်စောသန်းလှိုင် (တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်)နှင့်ဇနီး ဒေါ်နှင်းချမ်းမြေ့သူ (သား)မောင်ကောင်းခန့်ကျော်၊ မောင်မင်းပြည့်မိသားစု (ဓမ္မစေတီတော်-၁ ဆူ တတိယအကြိမ်လှူဒါန်း) | မြိတ်မြို့ | ၅၀၀၀၀၀၀ |
| ၃၀၂၄။ | ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈၃) ကျောင်းဆင်းအရာရှိမိသားစုများ (ဓမ္မစေတီတော်-၁ ဆူ) | နေပြည်တော် | ၂၇၉၀၀၀၀၀ |
| ၃၀၂၅။ | အလင်းရောင်ကြယ်သစ် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် (ဓမ္မစေတီတော်-၁ ဆူ) | မန္တလေးမြို့ | ၂၇၉၀၀၀၀၀ |
| ၃၀၂၆။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးကျော်ကျော်ဝင်း+ဒေါ်မေရင်၊ (သား)မောင်ထွန်းလွင်ဦး၊ မောင်ဘုန်းလွင်ဦး၊ (သမီး)မစောယွန်းနွယ်မိသားစု (ဓမ္မစေတီတော်-၁ ဆူ) | မန္တလေးမြို့ | ၂၇၉၀၀၀၀၀ |
| ၃၀၂၇။ | ဦးကော်ယူကျင်နှင့်ဇနီး(ဒေါ်စက်ရွှေ)မိသားစု (ဓမ္မစေတီတော်-၁ ဆူ) | မန္တလေးမြို့ | ၂၇၉၀၀၀၀၀ |
| ၃၀၂၈။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးအောင်ကျော်ဦး+ဒေါ်ဖြူဖြူလှိုင်၊ (သား)မောင်ဝေယံကျော်ဦး၊ မောင်ဟိန်းထက်ကျော်ဦး၊ (သမီး)မရတနာကျော်ဦး၊ မဆုစန္ဒာကျော်ဦးမိသားစု (ဓမ္မစေတီတော်-၁ ဆူ) | မန္တလေးမြို့ | ၂၇၉၀၀၀၀၀ |
| ၃၀၂၉။ | အနန္တောအနန္တငါးပါး ဦးထိပ်ထား၍ ဦးမောင်မောင်ကျော်နှင့်ဇနီးဒေါ်ချိုချိုမြင့်မိသားစု (ဓမ္မစေတီတော်-၁ ဆူ ဆဌမအကြိမ်) | ရန်ကုန်မြို့ | ၃၀၀၀၀၀၀ |

### သာသနိကအဆောက်အဦ

| စဉ် | အမည် | မြို့ | အလှူငွေ (ကျပ်) |
|---|---|---|---|
| ၃၀၃၀။ | ဦးစိုးလွင်+ဒေါ်တင်အေး (သား)ဦးအောင်တင်စိုး+ဒေါ်ချစ်စုဝင်း(သား)ဦးစိုးမင်းသန့်+ ဒေါ်သင်းနန္ဒာဝင့်၊ ဦးကျော်ဇောလင်း+(သမီး)ဒေါ်ချိုမာလွင်မိသားစုကောင်းမှု (အဝင်မုခ်ဦးငယ်ဒုတိယအကြိမ်) | ရန်ကုန်မြို့ | ၄၉၉၈၂၅၀၄၄ |
| ၃၀၃၁။ | ဒေါက်တာဇော်မြင့်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)+ဒေါ်စန်းစန်းမော်မိသားစု (မြန်မာမှုတစ်ဖက်လှခြံစည်းရိုး-၁ ခန်း) | နေပြည်တော် | ၃၁၀၀၀၀၀ |
| ၃၀၃၂။ | ပညာရေးဝန်ကြီးဌာနမိသားစု | နေပြည်တော် | ၉၃၁၀၀၀ |
| ၃၀၃၃။ | ဗိုလ်မှူးကြီးဆန်းအောင်(ငြိမ်း)+ ဒေါ်ခင်ဌေးကြည်(အထပြ-ငြိမ်း)သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၃၀၃၄။ | ဦးလှိုင်မောင်+ဒေါ်နုနု | နေပြည်တော် | ၃၀၀၀၀၀ |
| ၃၀၃၅။ | ဒေါ်မြင့်မြင့်၊ မယု | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၃၀၃၆။ | ဦးမိုးကျော် | နေပြည်တော် | ၁၀၀၀၀၀ |
| ၃၀၃၇။ | ဦးစိုးမောင် | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၀၃၈။ | တပ်မတော်အထည်ချုပ်စက်ရုံ ချုပ်လုပ်မှု(၁၀)မှ တာဝန်ခံနှင့်ဝန်ထမ်းများ | ရန်ကုန်မြို့ | ၈၀၀၀၀ |
| ၃၀၃၉။ | ဦးညှိုဝင်း+ဒေါ်ခင်ဌေးမိသားစု | ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၃၀၄၀။ | အင်းဝဘဏ်(ခိုလမ်) ဘဏ်ခွဲမှဝန်ထမ်းများနှင့် Customer များ | ခိုလမ်မြို့ | ၃၇၀၀၀ |
| ၃၀၄၁။ | ဦးစန်း | တပ်ကုန်းမြို့ | ၃၀၀၀၀ |
| ၃၀၄၂။ | ဦးစိုးဇေယျာထက် | မော်လမြိုင်မြို့ | ၂၀၀၀၀ |
| ၃၀၄၃။ | ဒေါ်ဒွေးအောင်၊ ဦးရဲမာန်အောင် | နေပြည်တော် | ၂၀၀၀၀ |
| ၃၀၄၄။ | ဗိုလ်ကြီးဟိန်းသီဟနှင့်ဇနီး ဒေါ်ရွှေအိမ်စည်မိသားစု | နေပြည်တော် | ၁၀၀၀၀ |
| ၃၀၄၅။ | ဒေါ်ခင်မိုးနိုင် | နေပြည်တော် | ၁၀၀၀၀ |
| ၃၀၄၆။ | ဒေါ်ယဉ်ရွှေ | နေပြည်တော် | ၁၀၀၀၀ |
| ၃၀၄၇။ | မသီရိဖူးငုံ | ရန်ကုန်မြို့ | ၁၀၀၀၀ |
| ၃၀၄၈။ | ဦးဘုလေး+ဒေါ်တင်နု (သမီး)ဒေါ်ခင်စန်းဦး(မြေး)မောင်ဉာဏ်လင်းထွန်းမိသားစု (လမ်းမီးတိုင်-၁ တိုင်) | ဝမ်းတွင်းမြို့ | ၁၀၀၀၀၀၀ |

### ပိဋကသုံးပုံကျမ်းစာအုပ်

| စဉ် | အမည် | မြို့ | အလှူငွေ (ကျပ်) |
|---|---|---|---|
| ၃၀၄၉။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီးဒေါ်နီလာ(သမီး)မသိမ့်သဥ္ဇာရဲ (သား)မောင်ထက်ရဲနောင်မိသားစု (ကျမ်းစာအုပ်-၁ စုံ) | နေပြည်တော် | ၁၂၀၀၀၀၀ |
| ၃၀၅၀။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဒေါက်တာမျိုးသိန်းကျော်(ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်ထူးထူးအေးမိသားစု (ကျမ်းစာအုပ်-၁ စုံ) | နေပြည်တော် | ၁၂၀၀၀၀၀ |
| ၃၀၅၁။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့်နှင့်ဇနီး ဒေါ်မြင့်မြတ်မြတ်စိုးမိသားစု (ကျမ်းစာအုပ်-၁ စုံ) | နေပြည်တော် | ၁၂၀၀၀၀၀ |
| ၃၀၅၂။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဒေါက်တာစိုးဝင်း(ဒုတိယဝန်ကြီး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန)နှင့်ဇနီး ဒေါက်တာကေသီကျော် သား၊ သမီး၊ မြေးတစ်စုကောင်းမှု (ကျမ်းစာအုပ်-၁ စုံ) | နေပြည်တော် | ၁၂၀၀၀၀၀ |
| ၃၀၅၃။ | ဦးမြတ်ကျော်နှင့်ဇနီး ဒေါ်မြင့်မြင့်အောင်မိသားစု (စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့) (ကျမ်းစာအုပ်-၁ စုံ) | စစ်ကိုင်း | ၁၂၀၀၀၀၀ |
| ၃၀၅၄။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဗိုလ်မှူးချုပ်ဆန်းဌေးမောင်နှင့်ဇနီး ဒေါ်အေးပပလင်းမိသားစု (ကျမ်းစာအုပ်-၁ စုံ) | ရန်ကုန်မြို့ | ၁၂၀၀၀၀၀ |
| ၃၀၅၅။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဗိုလ်ချုပ်ဇေယျကျော်ထင်မျိုးအောင်နှင့်ဇနီး ဒေါ်ပပစိုးမိသားစု (ကျမ်းစာအုပ်-၁ စုံ) | နေပြည်တော် | ၁၂၀၀၀၀၀ |
| ၃၀၅၆။ | ဦးလှဌေး(အမြဲတမ်းအတွင်းဝန်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး)ဇနီးဒေါ်သင်းသင်းနွယ်၊ (သား)မောင်ရဲအောင်မိုး၊ မောင်ရဲမိုးဟိန်းမိသားစု (ကျမ်းစာအုပ်-၁ စုံ) | နေပြည်တော် | ၁၂၀၀၀၀၀ |
| ၃၀၅၇။ | ဒေါ်ခင်ခင်ဝင်း၊ ဦးမြင့်ဇော်ဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သာသနာထွန်းကားပြန့်ပွားရေးဦးစီးဌာန)+ဒေါ်ဝါဝါလွင်၊ ဦးစိုးမိုးအောင်+ ဒေါ်အိအိငြိမ်း(သမီး)မသင်းရနံ့၊ (သား)မောင်ကောင်းသန့်ဇော်၊ မောင်ရဲနန္ဒဇော် (ကျမ်းစာအုပ်-၁ စုံ) | ရန်ကုန်မြို့ | ၁၂၀၀၀၀၀ |
| ၃၀၅၈။ | ဗိုလ်မှူးကြီးကျော်သိန်း(ငြိမ်း) နှင့်ဇနီး ဒေါ်ခင်သန်းဝင်း၊ သား၊ သမီး၊ မြေး၊ မြစ်မိသားစု (ကျမ်းစာအုပ်-၅ စုံ) | နေပြည်တော် | ၆၀၀၀၀၀၀ |
| ၃၀၅၉။ | ကွယ်လွန်သူနှစ်ဖက်သောမိဘများ နှင့်(သားကြီး)ဦးဆန်းဌေးအောင်အားရည်စူး၍ ဗိုလ်မှူးကြီးဆန်းအောင်(ငြိမ်း)နှင့် ဇနီးဒေါ်ခင်ဌေးကြည်(အထပြ-ငြိမ်း)၊ သား၊ သမီး၊ မြေးတစ်စု (ကျမ်းစာအုပ်-၁ စုံ) | ရန်ကုန်မြို့ | ၁၂၀၀၀၀၀ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး
# လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်ရုံး၊ ရန်ကုန်မြို့တွင် အောက်ဖော်ပြပါ ရာထူးနေရာများ၌ ခန့်ထားရန်အတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်းကျပ် | ခန့်ထားမည့်နေရာ | အနိမ့်ဆုံးရှိရမည့်အရည်အချင်း/သတ်မှတ်ချက် |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ကျား/မ<br>(၇) နေရာ | ဝါဏိဇ္ဇဗေဒဘွဲ့ (B.Com)<br>စီးပွားရေးပညာဘွဲ့ (စာရင်းအင်း)<br>B.Econ(Statistics)<br>စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ)<br>B.Econ (Economics)<br>စာရင်းကိုင်ပညာဘွဲ့ (B.Act)<br>စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့(B.B.A)<br>ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘွဲ့(B.P.A)<br>ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ), B.A (English),<br>ဥပဒေဘွဲ့(LL.B) |

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဂ) လျှောက်ထားသူများသည် ၂၅-၁၀-၂၀၂၂ ရက်နေ့တွင် အသက်(၂၇)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ (သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် ဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်)၊

(ဃ) ကွန်ပျူတာတတ်ကျွမ်းသူဖြစ်ရမည်။

(င) ရွေးချယ်ခန့်ထားခြင်းခံရပါက အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ လျှောက်လွှာပုံစံကို ဤကော်မရှင်ရုံး၏ website ဖြစ်သော www.secm.gov.mm တွင် Download ရယူနိုင်ပြီး လျှောက်လွှာတွင် ပါရှိသောအချက်များကို ပြည့်စုံစွာရေးသွင်းရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲပါရှိရမည်-

(က) ကိုယ်ရေးမှတ်တမ်းအကျဉ်း၊

(ခ) ဘွဲ့လက်မှတ်မိတ္တူ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်နှင့် ဖြေဆိုချိန်တွင် မူရင်းတင်ပြနိုင်ရမည်)၊

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (ဖြေဆိုချိန်တွင် မူရင်းယူဆောင်လာရမည်)၊

(ဃ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (စစ်ဆေးချိန်တွင် မူရင်းတင်ပြနိုင်ရမည်)၊

(င) (၂)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် (၁.၂"x၁.၄") ကာလာဓာတ်ပုံ (၃)ပုံ (ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)၊

(စ) (၂)လအတွင်း ပြုလုပ်ထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း ထောက်ခံချက်မိတ္တူ (စစ်ဆေးချိန်တွင် မူရင်းတင်ပြနိုင်ရမည်)။

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံး၊ အမှတ်(၂၁-၂၅)၊ ဆူးလေဘုရားလမ်းနှင့်ကုန်သည်လမ်းထောင့် (မြန်မာ့စီးပွားရေးဘဏ်၊ ရန်ကုန်တိုင်းရုံးအဆောက်အအုံ) သို့ လိပ်မူ၍ စာတိုက်မှ မှတ်ပုံတင်၍ဖြစ်စေ၊ secm.myanmar@gmail.com နှင့် hr.secm.hr@gmail.comသို့e-mailပေးပို့၍ဖြစ်စေ ၂၅-၁၀-၂၀၂၂ရက်နေ့ နောက်ဆုံးထား ပေးပို့လျှောက်ထားရပါမည်။ လူကိုယ်တိုင် လာရောက်လျှောက်ထားရန်မလိုပါ။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ပေးပို့လာသည့် လျှောက်လွှာများ၊ စည်းကမ်းနှင့်မကိုက်ညီသည့် လျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။

၆။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာနှင့် အထောက်အထားများကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် ဤကော်မရှင်ရုံးသို့ ၈-၁၁-၂၀၂၂ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရန်နှင့် ကြိုတင်လျှောက်လွှာမိတ္တူ(၁)စောင်ကို ဤကော်မရှင်ရုံးသို့ ၂၅-၁၀-၂၀၂၂ ရက်နေ့ နောက်ဆုံးထားပေးပို့ ရမည်။

၇။ စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို ၁၅- ၁၁ -၂၀၂၂ ရက်နေ့နှင့် ၁၆- ၁၁ -၂၀၂၂ ရက်နေ့တို့တွင်ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံး၌ ရုံးချိန်အတွင်း ထုတ်ပေးသွားမည် ဖြစ်ပါသည်။

၈။ ရေးဖြေစာမေးပွဲကို ၁၉-၁၁-၂၀၂၂ ရက်နေ့တွင်ရန်ကုန်မြို့၌ ဖြေဆိုရမည်ဖြစ်ပြီးဖြေဆိုရမည့် ရေးဖြေစာမေးပွဲ ဘာသာရပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာစာနှင့် အထွေထွေဗဟုသုတ (၂)နာရီမေးခွန်း

(ခ) အင်္ဂလိပ်စာ (၂)နာရီမေးခွန်း

(ဂ) ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ နှုတ်ဖြေစာမေးပွဲနှင့် ကွန်ပျူတာစစ်ဆေးခြင်း ပြုလုပ်မည် ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးခြင်း၊ စာမေးပွဲစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် COVID-19 စည်းကမ်းများနှင့် အညီ ကျင်းပဆောင်ရွက်မည်ဖြစ်သည်။

၁၀။ ရေးဖြေ ဖြေဆိုခွင့်ရရှိသူများစာရင်း၊ ရေးဖြေအောင်မြင်ပြီး ကွန်ပျူတာ၊ လူတွေ့နှုတ်ဖြေ ဖြေဆိုခွင့်ရရှိသူအမည်စာရင်း၊ ဖြေဆိုရမည့် နေ့ရက်နှင့်နေရာတို့ကို ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးနှင့် ဤကော်မရှင်ရုံး၏ website ဖြစ်သော www.secm.gov.mmတွင် ဖော်ပြထားပါမည်။

၁၁။ အသေးစိတ်သိရှိလိုပါက ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံး၊ စီမံရေးရာဌာန၊ ဖုန်းနံပါတ် ၀၁-၈၃၈၆၆၀၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး**

---

In the Matter of Voluntary Winding Up subject to the Myanmar Companies Law and Insolvency Law

**AUNG HTEE PHYU MINING COMPANY LIMITED**

(ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း)

(က) ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ၊ (၂၀) ရက်နေ့တွင် Online Virtual Meeting ဖြင့် ကျင်းပပြုလုပ်သော ကုမ္ပဏီတွင် ပါဝင်သူများ၏ အထူးအထွေထွေအစည်းအဝေးမှ အောက်ပါအတိုင်း အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

(၁) "AUNG HTEE PHYU MINING COMPANY LIMITED" အား (၂၀-၉-၂၀၂၂) ရက်နေ့မှစ၍ ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်း ရန် ဆုံးဖြတ်ကြပါသည်။

(၂) ကုမ္ပဏီသည် ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ဆောင်ရွက်ရန်နှင့် ကုမ္ပဏီပိုင်ပစ္စည်းများ ခွဲဝေရန်အတွက် ဒေါ်သန့်မြတ်ဝင်း (B.Com. (Q), C.P.A, Dip. in IFR, Dip. in Business Law, Certified Public Accountant) FOCUS CONSULTING GROUP LIMITED အမှတ်-၁၈၀ (ပထမထပ်)၊ တော်ဝင်မြန်မာကွန်ဒို၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ (ဖုန်း-၉၅၁-၂၉၇၂၄၉၊ ၉၅၁-၉၀၁၀၂၀၃~၂၀၄) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ အဖြစ် ခန့်အပ်ကြပါသည်။

(ခ) "AUNG HTEE PHYU MINING COMPANY LIMITED" မှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ၊ (၂၀) ရက်နေ့ နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်း ရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင် ကြောင်း ကြေညာအပ်ပါသည်။

ဦးထန်ကွဲရှိုး
(ဒါရိုက်တာ)
AUNG HTEE PHYU MINING COMPANY LIMITED

---

## အများသိစေရန်ကြော်ငြာခြင်း

